မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၂)
အမှတ် (၂၀၀)

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၂၃ ရက်၊ အင်္ဂါနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးလ်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ricardo Cateb Cury အား သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အထူးစီးပွားရေးဇုန်များ၌ ဘရာဇီးလ်လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရေးဆွေးနွေး နှစ်နိုင်ငံတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အမြင်ချင်းဖလှယ်

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးလ်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ricardo Cateb Cury အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များ၌ ဘရာဇီးလ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား ဘရာဇီးလ်နိုင်ငံသို့ တင်ပို့ရောင်းချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် အထည်ချုပ်လုပ်ငန်းနှင့် ဖိနပ်စက်ရုံလုပ်ငန်း စသည့် လုပ်ငန်းများတွင် ဘရာဇီးလ်နိုင်ငံမှပါဝင်ရင်းနှီးမြှုပ်နှံရေးနှင့် မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဒေါက်တာပွင့်ဆန်း၊ ဦးသန်းထွန်းအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပခုက္ကူစာပေဆုနှင့် စာကြည့်တိုက်စာအုပ်ဆု ထုတ်ပြန်ကြေညာ — စာမျက်နှာ-၃

အမေဇုံတောနက်ကြီးထဲက တောတွင်းသားတို့ဘဝ — စာမျက်နှာ-၅

မဟာဗန္ဓုလလမ်းပိုင်း လမ်းသား အဆင့်မြှင့်တင်ပေးရန်လိုအပ် — စာမျက်နှာ-၆

မြန်မာ့အလင်းသတင်းစာ နှစ်တစ်ရာပြည့်ကို ကြိုဆိုပါ၏ — စာမျက်နှာ-၁၁

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဟန့်တားသည့် အိမ်ခြံမြေဈေး — စာမျက်နှာ-၁၂

သီပေါမြို့မှ ထုတ်ဝေခဲ့သည့် ရတနာသီဟသတင်းစာ — စာမျက်နှာ-၁၃

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနို၏ အတ္ထုပ္ပတ္တိအကျဉ်း

သမ္မတ ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနို

မစ္စစ်ဟာဂျာ အာနီးဘမ်ဘန်းယူဒိုယိုနို

ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုကို ၁၉၄၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် အရှေ့ဂျာဗားပြည်နယ် ပါစီတန်မြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် အင်ဒိုနီးရှားခြေလျင်တပ်ဖွဲ့ဆိုင်ရာ စစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အမေရိကန်နိုင်ငံတွင် ခြေလျင်တပ်ဖွဲ့အရာရှိများ၏ အဆင့်မြင့်သင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ ၄င်းသည် ၁၉၈၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ခြေလျင်တပ်ဖွဲ့ဆိုင်ရာ အုပ်ချုပ်မှုသင်တန်းကျောင်းသို့တက်ရောက်ခဲ့ပြီး ၁၉၉၀ မှ ၁၉၉၁ ခုနှစ်အထိ အမေရိကန်နိုင်ငံရှိ စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါကာလမှာပင် အမေရိကန်နိုင်ငံရှိ ဝက်ဘ်စတာတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းတက်ရောက်၍ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ဆည်းပူးရယူခဲ့ပါသည်။ ထို့နောက် ၂၀၀၁ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ အနောက်ဂျာဗားပြည်နယ် ဘိုဂေါမြို့ရှိ ဘိုဂေါစိုက်ပျိုးရေးသိပ္ပံတွင် ဘွဲ့လွန်သင်တန်းတက်ရောက်၍ စိုက်ပျိုးရေး ဘောဂဗေဒဘာသာဖြင့် ဒေါက်တာဘွဲ့ရရှိသည်အထိ တက်ရောက်လေ့လာဆည်းပူးခဲ့ပါသည်။

ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုသည် ၁၉၇၃ ခုနှစ်တွင် ဒုတိယဗိုလ်အဖြစ် အင်ဒိုနီးရှားတပ်မတော်၌ ခန့်အပ်ခြင်းခံရပြီးနောက် ၂၇နှစ်ကာလကြာမျှ တပ်ဘက်နှင့် အရပ်ဘက် အစိုးရဆိုင်ရာအဖွဲ့အစည်းများတွင် ရာထူးတာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂစစ်ဘက်ရေးရာလေ့လာသူများအဖွဲ့ (United Nations Military Observers)တွင် တပ်မှူးအဖြစ်လည်းကောင်း၊ ဘော့စနီးယား-ဟာဇီဂိုဗီးနားတွင် အင်ဒိုနီးရှားတပ်ဖွဲ့၏ တပ်မှူးအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။

ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုသည် သမ္မတ ဝါဟစ် အစိုးရလက်ထက်တွင် သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ အစိုးရအဖွဲ့၏ နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စများဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးအဖြစ်လည်းကောင်း၊ သမ္မတမယ်ဂါဝတီအစိုးရအဖွဲ့တွင်လည်း အစိုးရအဖွဲ့၏ နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စများဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါက်တာ ဆူစီလိုကို ၂၀၀၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံးတိုက်ရိုက်သမ္မတရွေးကောက်ပွဲတွင် ၂၀၀၄-၂၀၀၉ သက်တမ်းအတွက် အင်ဒိုနီးရှားနိုင်ငံ၏

စာမျက်နှာ ၃ ကော်လံ ၁ ❄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကျန်းမာရေးအသိရှိကြရန် လိုအပ်သည်

ယနေ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နေချိန် စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သကဲ့သို့ ကျန်းမာရေးကဏ္ဍသည်လည်း အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်သည်။ နိုင်ငံအတွင်းရှိ ပြည်သူအားလုံးသည် ရောဂါဘယကင်းရှင်းပြီး ကျန်းမာသန်စွမ်းသော ပြည်သူများဖြစ်ပါမှ နိုင်ငံတော်အတွက် လိုအပ်သောစွမ်းအားများကို စိုက်ထုတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မိသားစုတိုင်းသည် မိမိ၏မိသားစု သာယာချမ်းမြေ့သော မိသားစုဘဝကို လိုလားတောင့်တကြသည်။ ယင်းသို့ သာယာချမ်းမြေ့မှုသည် စိတ်ရောကိုယ်ပါကျန်းမာမှသာ လိုလားတောင့်တသောဘဝကို ရရှိမည်ဖြစ်သည်။ ကျန်းမာရေးနှင့်ပြည့်စုံသော မိသားစု၊ ကျန်းမာရေးနှင့်ညီညွတ်သောရပ်ကွက်၊ မြို့ရွာဒေသဖြစ်ရန် အရေးကြီးပါသည်။ တစ်ဦးချင်းမှအစပြုပြီး ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်သော အမူအကျင့်များရှိမှ ကျန်းမာခြင်းနှင့်ပြည့်စုံမှသာ မိသားစု၊ ရပ်ကွက်၊ ရပ်ရွာဒေသတစ်ပြည်လုံး ပြည်သူများ ရောဂါဘယကင်းပြီး ကျန်းမာရေးနှင့်ပြည့်စုံနေမည်ဖြစ်သည်။

ကျန်းမာရေးဝန်ထမ်းများသည်လည်း ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပြည်သူများကျန်းမာရေးအသိရှိရေး၊ ရောဂါကြိုတင်ကာကွယ်နည်းများ သိရှိရန်နှင့် ဆေးဝါးကုသပေးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူများအားလုံး ကျန်းမာရေးအသိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်ခြင်းအားဖြင့် ဒေသတစ်ခုမှသည် တစ်နိုင်ငံလုံး ကျန်းမာရေးအဆင့် မြင့်မားလာမည်ဖြစ်သည်။ ကျန်းမာရေးအသိပညာရှိမှ ပြည်သူများ၏သက်တမ်း ပိုရှည်လာမည်ဖြစ်ပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်သော ပြည်သူများ ဖြစ်လာမည်ဖြစ်သည်။

နိုင်ငံတော်အတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မြင့်မားတိုးတက်ရေးအတွက် ဆေးတက္ကသိုလ်များ၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ် စသည်တို့ ဖွင့်လှစ်ထားရှိပြီး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အထောက်အကူပြုနိုင်မည့် ကျန်းမာရေးဆိုင်ရာသုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ ကျန်းမာရေးအတွက် အသုံးပြုရန် ကျန်းမာရေးအသုံးစရိတ်များကို တိုးမြှင့်ချထားပေးလျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများဆေးကုသမှုကုန်ကျစရိတ်မရှိစေဘဲ စိတ်ချမ်းမြေ့စွာ ဆေးကုသမှုခံယူနိုင်ရေးအတွက် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ဆေးအမျိုးမျိုးပေးပို့ကုသပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးအဆင့်မြင့်မားစေရန် ကျန်းမာရေးအသိပညာများ ဖြန့်ဝေအသိပေးဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပြည်သူအားလုံး ရောဂါဘယကင်းဝေးပြီး ကျန်းမာကြံ့ခိုင်သည့် ပြည်သူများအဖြစ်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် စွမ်းအားများ စိုက်ထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဒေသတွင်းယာယီပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၂၂

ဒေသတွင်းယာယီပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒေသတွင်း ယာယီပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် မြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများတွင် ဒုက္ခသည်များအား မိုးမကျမီ အချိန်မီအမိုးအကာအောက်ရောက်ရှိရေး၊ သောက်သုံးရေလုံလောက်စွာရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရေး၊ ထပ်မံလိုအပ်သည့် ယာယီကယ်ဆယ်ရေးအဆောက်အအုံများ အချိန်မီဆောက်လုပ်ပြီးစီးရေးနှင့် နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လဲပြိုနိုင်သည့် အန္တရာယ်ဓာတ်တိုင်

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မန္တလေးလမ်း ရေမြောင်းကြီးဘေးတွင် ကွန်ကရစ်ဓာတ်တိုင်ရှစ်တိုင်ရှိသည်။ ဒေါ်သိန်းတင်လမ်းမှ မြန်မာ့ဂုဏ်ရည်လမ်းအထိ သွယ်တန်းထားခြင်းဖြစ်သည်။ မန္တလေးလမ်း၏ အရှေ့ဘက်ခြမ်း နေအိမ်တိုက်ခန်းများသို့ ဓာတ်အားပေးနေခြင်း ဖြစ်သည်။ ဒေါ်သိန်းတင်လမ်းဘက်မှ စတင်ရေတွက်လျှင် သုံးတိုင်မြောက်ဓာတ်တိုင်မှာ ဓာတ်အားသွယ်တန်းထားရာ အရှေ့ဘက်ခြမ်းဘက်သို့ အနည်းငယ် ယိမ်းယိုင်တိမ်းစောင်းလာနေသည်ကို ပုံပါအတိုင်း တွေ့မြင်ရသည်။ **(ယာပုံ)** ဓာတ်တိုင်မပြိုလဲရန် ထိန်းကျောင်းသည့် ထောက်တိုင်နှင့် ဆိုင်းကြိုးများမရှိခြင်းကြောင့် လမ်းနေပြည်သူများက မတော်တဆ ဓာတ်တိုင်လဲပြိုကျမည့်အန္တရာယ်ကို စိုးရိမ်ပူပန်နေကြသည်။ ဓာတ်တိုင်အောက်ခြေမှာ ရေမြောင်းဘေး မြေသားဖြစ်နေ၍ မိုးတွင်းအခါ ရေကြီးရေလျှံလာခဲ့လျှင် အစိုဓာတ်ကြောင့် မြေသားပျော့ပြီး အောက်ခြေမခိုင်ကာ ဓာတ်တိုင်လဲပြိုမည်ကို စိုးရိမ်ပူပန်နေခြင်းဖြစ်သည်ဟု သိရသည်။ **မောင်ကျောက်တံတား**



ရေဖြန့်ဝေဒါနပြု

နောင်ချို ဧပြီ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ အပူချိန်တိုးမြှင့်လာကာ သင်္ကြန်ကာလတွင်း မိုးရွာသွန်းမှုမရှိဘဲ ရေများခန်းခြောက်ပြီး ရေများအခက်အခဲကြုံတွေ့နေရသည်။ ဒေသခံပြည်သူများအားထားရသော သဲဖြူကန် ရေနည်းခန်းခြောက်လာသည်ကို တွေ့ရသည်။

ကုသိုလ်ယူ

နောင်ချိုမြို့ ဘူတာရပ်ကွက်နေထိုင်သူ ဦးဖိုးဇော်နှင့် လူငယ်များက ရေများအား ထော်လာဂျီယာဉ်များဖြင့် သယ်ယူကာ ရေအခက်အခဲရှိသော အိမ်များသို့ အိမ်တိုင်ရာရောက် ရေဖြန့်ဝေဒါနကုသိုလ်ယူကြသည်။ ဦးဖိုးဇော်နှင့် လူငယ်များကို လူကြီးများက ဆုတောင်းကျေးဇူးတင်စကား ပြောကြားသံများ ကြားသိရသည်။

အဆိုပါ ကျေးရွာအုပ်စုတို့တွင် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်းများ တူးဖော်ပေးခဲ့သောကြောင့် ရေသုံးစွဲနိုင်ကြသည်ဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြောင်းလည်း သိရှိရသည်။ **(ဝဗိသ)**

နေပြည်တော်ဈေးများရှိ ဈေးဆိုင်များ စနစ်တကျစည်းကမ်းရှိစွာ ရောင်းချစေလို

နေပြည်တော် ဧပြီ ၂၂

နေပြည်တော်ရှိ ဈေးများ၌ ဈေးဆိုင်ခန်းများသည် သက်ဆိုင်ရာက သတ်မှတ်ထားသည့် ဆိုင်ခန်းအကျယ်အဝန်းထက် နေရာပိုမိုချဲ့ယူရောင်းချလာရာ ယခုအခါ ဈေးဝယ်သူများအတွက် လျှောက်လမ်းမရှိသလောက် ကျဉ်းမြောင်းလာပြီး စိတ်အနှောင့်အယှက်ဖြစ်နေရကြောင်း သိရသည်။

ဈေးဝယ်သူအချို့က “နေပြည်တော်မှာ အရင်က ဈေးဝယ်ရတာ စိတ်ချမ်းသာပါတယ်။ မျက်နှာချင်းဆိုင်နှစ်ယောက် ကောင်းကောင်းရှောင်လို့ရတယ်။ အခုကတော့ မျက်နှာချင်းဆိုင်လျှောက်လို့ ရှောင်လို့လည်းမရတော့ဘူး။ ဈေးဝယ်သူတွေ သွားလာကြတဲ့ လျှောက်လမ်းပေါ်ထိ နေရာချဲ့ယူပြီး ပစ္စည်းတွေချထားကြတာ နေပြည်တော်မှာက ရုံးဆင်းချိန်ဆို ဈေးဝယ်သူပိုများတယ်။ ရုံးဖယ်ရီကားကိုလည်း မီအောင် ပြေးပြေးလွှားလွှား ဈေးဝယ်ကြရတာ။ တစ်ယောက်နဲ့တစ်ယောက် ရှောင်နေရ၊ ရပ်စောင့်နေရတာနဲ့ တစ်ခါတစ်လေ ရှောင်ရင်းနဲ့ မတော်တဆ စည်းကမ်းမဲ့ချထားတဲ့ အချို့ဆိုင်ရှင်ပစ္စည်းကို ထိမိခိုက်မိရင် ဆိုင်ရှင်ရဲ့ အပြောအဆိုရန်တွေ့တာခံရသေးတယ်” ဟု ဈေးများတွင် တွေ့ကြုံနေရသည့် အဆင်မပြေမှုများကို ပြောပြသည်။

ဈေးများရှိ အချို့ဈေးဆိုင်များသည် မိမိတို့ကုန်ပစ္စည်းများကို သူ့ထက်ငါ အပြိုင်အဆိုင် နေရာယူရောင်းချကြသည့်အတွက် ဈေးဝယ်သူများ လမ်းလျှောက်၍မရအောင် လမ်းပိတ်နေခြင်း၊ မတော်တဆ ထိမိခိုက်မိလျှင်လည်း ပြဿနာရှာခြင်း၊ အလျော်တောင်းခြင်း၊ ဈေးဝယ်သူဆက်လျှောက်၍မရအောင် လမ်းပိတ်ဆို့ရောင်းချခြင်း စသည်တို့ကြောင့် ဈေးဝယ်သူပြည်သူများ လွတ်လွတ်လပ်လပ်နှင့် မိမိတို့လိုအပ်ရာကို စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးနှင့် ဈေးရောင်းသူများ စနစ်တကျ ရောင်းချနိုင်ရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။

ဦးမောင်(သဲကုန်း)

တာချီလိတ်ခရိုင်တွင် မိုဘိုင်းဖုန်း အလုံး ၇၀၀ ကျော် ရောင်းချမည်

တာချီလိတ် ဧပြီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်း တန်ဖိုးနည်း CDMA-800 MHz မိုဘိုင်းဖုန်းများအား ပထမသုတ်အဖြစ် အလုံးရေ ၇၀၀ စတင်ရောင်းချပေးသွားမည်ဖြစ်ရာ ပြည်သူများ လွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များမှ လျှောက်လွှာများကို ဧပြီ ၂၀ ရက်တွင် စတင်လက်ခံဆောင်ရွက်ပေးနေပြီဖြစ်သည်။ တန်ဖိုးနည်း မိုဘိုင်းဖုန်းများအား အိမ်ထောင်စုတစ်စုလျှင် လျှောက်လွှာတစ်စောင်သာ လျှောက်ထားရန်နှင့် ယခင် မိုဘိုင်းဖုန်း သုံးစွဲခွင့်ရရှိပြီးသူများ လျှောက်ထားရန်မလိုကြောင်း သိရှိရသည်။ လျှောက်ထားရာတွင် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူများအား ပူးတွဲတင်ပြရမည်ဖြစ်ကာ လျှောက်လွှာများအား မြို့နယ်နှင့် ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် အခမဲ့ ရယူနိုင်ကာ ဧပြီ ၂၀ ရက်မှ ၂၂ ရက်အထိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၃ ရက်တွင် လျှောက်ထားသူများအား မဲစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ယဉ်ကျေး

မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့၌ လမ်း၊ တံတားများတည်ဆောက်

နေပြည်တော် မေ ၂၂

မိတ္ထီလာ-ကျောက်ပန်းတောင်း-ပုဂံ/ညောင်ဦး လမ်းအပိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဧရာဝတီတံတား (ပခုက္ကူ) ကြံ့ခိုင်မှုအခြေအနေ၊ ပခုက္ကူမြို့ရှောင်လမ်းအား အခြေခံလွှာနှင့် ကတ္တရာကွန်ကရစ်ခင်းနေမှု၊ ရွှေချောင်းတံတားအမှတ်(၂)ရက်မများတင်ပြီးမှု၊ ကြမ်းခင်း Slab လောင်းရန် သံဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စက်ယန္တရားဖြင့် တံတားချဉ်းကပ်လမ်းမြေကြီး လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မေ ၁၈ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဆက်လက်၍မုံရွာ-ပုလဲ- ဂန့်ဂေါ-ဟားခါးလမ်း (ပုလဲ-ဂန့်ဂေါအပိုင်း) ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ လမ်းချဲ့ခြင်း၊ တံတားများနှင့် Box Culvert များတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုလဲ- ဂန့်ဂေါလမ်း၊ ဂန့်ဂေါ-ကလေးလမ်း၌ တင်းလဲချောင်းတံတားနှင့် ပနဲချောင်းတံတား တည်ဆောက်နေမှု၊ ဂန့်ဂေါလမ်း၊ ဂန့်ဂေါ-ကလေးလမ်း၌ အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ တော်ဝင်ချောင်းတံတားကို ကွန်ကရစ်တံတား တိုးချဲ့တည်ဆောက်နေမှု၊ မှန်တောတံတား၊ ခင်ရန်းချောင်းတံတားနှင့် နှမ်းခါးချောင်းတံတားများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

ဓမ္မာစရိယနှင့်ပထမပြန်စာမေးပွဲ ပြန်လည်ကျင်းပမည်

နေပြည်တော် မေ ၂၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၃ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများကို ယာယီရွှေ့ဆိုင်းထားရာမှ မေ ၂ ရက်မှ ၁၄ ရက်ထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်လည်ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့)မှ ကဆုန်လဆန်း ၁ ရက် (သောကြာနေ့) (၂၀၁၃ ခုနှစ် မေ ၂ ရက်မှ ၁၀ ရက်ထိ)လည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်(ဗုဒ္ဓဟူးနေ့)မှ ကဆုန်လဆန်း ၅ ရက် (အင်္ဂါနေ့) (၂၀၁၃ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်ထိ) လည်းကောင်း သက်ဆိုင်ရာ စာဖြေဌာနများတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲများကျင်းပမည့်အချိန်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့သို့ ပေးပို့ဆက်ကပ်ထားပြီးဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၄၁ ဌာနတို့၌ ဖြေဆိုသူ ၁၃၆၀၀ ဦး၊ အောင်မြင်သူ ၈၀၈၅ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၃၂၃ ဦးရှိ၍ စာဖြေဌာနအားလုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁) **စာဖြေဌာနအားလုံး ပထမ**
ခုံအမှတ် ၆၊ မစန္ဒာထွေး၊ ကလေးစာဖြေဌာန
ကလေးမြို့၊စစ်ကိုင်းတိုင်းဒေသကြီး

(၂) **စာဖြေဌာနအားလုံး ဒုတိယ**
ခုံအမှတ် ၇၊ ဦးတင်စိုး၊ ပုဇွန်တောင်စာဖြေဌာန
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃) **စာဖြေဌာနအားလုံး တတိယ**
ခုံအမှတ် ၂၄၊ဒေါ်ဖြိုးပပဝင်း၊ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၀ ဌာနတို့၌ ဖြေဆိုသူ ၂၉၃၇ ဦး၊ အောင်မြင်သူ ၂၄၆၅ ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံး အောင်မြင်သူ ၆၁၈ ဦးရှိ၍ စာဖြေဌာနအားလုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁) **စာဖြေဌာနအားလုံး ပထမ**
ခုံအမှတ် ၄၊မစိမ်းမို့မို့၊ ကျောက်မဲစာဖြေဌာန
ကျောက်မဲမြို့၊ရှမ်းပြည်နယ်(မြောက်ပိုင်း)

(၂) **စာဖြေဌာနအားလုံး ဒုတိယ**
ခုံအမှတ် ၅၄၊ဒေါ်ဗိုလ်ဗိုလ်မြင့်၊လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃) **စာဖြေဌာနအားလုံး တတိယ**
ခုံအမှတ် ၁၄၊ ဒေါ်ခင်သန်းဝင်း၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၉ ဌာနတို့၌ ဖြေဆိုသူ ၁၈၈၉ ဦး၊ အောင်မြင်သူ ၁၄၅၆ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံး အောင်မြင်သူ ၁၈၉ ဦးရှိ၍ စာဖြေဌာနအားလုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု)ရရှိကြသူများမှာ-

(၁) **စာဖြေဌာနအားလုံး ပထမ**
ခုံအမှတ် ၁၅၊ မမိသီတာမွန်၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(၂) **စာဖြေဌာနအားလုံး ဒုတိယ**
ခုံအမှတ် ၁၆၊ ဒေါ်ခက်ခက်မွန်၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(၃) **စာဖြေဌာနအားလုံး တတိယ**
ခုံအမှတ် ၁၈၊ ဒေါ်လှဥမ္မာ၊
ဒဂုံမြို့သစ်(တောင်ပိုင်း)စာဖြေဌာန
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။

သာသနာရေးဦးစီးဌာန

၂၀၁၂ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆုကို ဦးဘသန်း (မဟာဝိဇ္ဇာ) ကရရှိ

ရန်ကုန် မေ ၂၂

ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၂ ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ယနေ့ ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်

ကဗျာပေါင်းချုပ်ဆုတွင် မြေလတ်မင်းလွင်ရေးသားသည့် "ချိုးငှက်ပျံပျံ ကူသံချိုကဗျာများ" စာမူက ဒုတိယ၊ မောင်စောထွန်း(ကျောင်းကုန်း) ရေးသားသည့် "တို့မြေရေ တို့ချစ်သည်နှင့် အခြားကဗျာများ" စာမူက တတိယ၊ ဝတ္ထုရှည်ဆုတွင် တင့်ထွန်း(ချောက်) ရေးသားသည့် "မနက်ဖြန်များစွာသို့တိုင်"စာမူကတတိယ၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် မောင်ခြိမ့် ရေးသားသည့် "ခူဝံကြယ်လား လက်ဖဝါးထဲမှာ ရသဝတ္ထုတိုများ" စာမူက ပထမ၊ သွဲ့ထားညို(သက္ကလ) ရေးသားသည့် "ဆောင်းပေါင်မိုး အမှတ်တရဝတ္ထုတိုများ" စာမူက ဒုတိယ၊ ရန်ကုန်ငွေဇော် ရေးသားသည့် "သူငွေးဝတ္ထုတိုပေါင်းချုပ်" စာမူက တတိယ၊ ကျမ်းစာပေဆုတွင် မောင်မောင်ချစ်ဦး(မုံရွာ) ရေးသားသည့် "မြန်မာ့ဆင်ဖြူတော်" စာမူက ဒုတိယ၊ ဇင်မင်း(သမိန်ထော)ရေးသားသည့် "အနုသုခုမသမိုင်းစဉ်မှ မြန်မာ့ဂီတတီးဝိုင်းများ" စာမူက တတိယ၊ သုတေသနစာပေဆုတွင် မောင်မောင်နန်းနွယ်ရေးသားသည့် "မြတ်နိုးဖွယ်ရာတောင်ဦးသဲကျောက်အနုပညာ" စာမူက ပထမ၊ သန်းထွန်း (မော်လမြိုင်) ရေးသားသည့် "ခေတ်သမိုင်း အခြေပြ ဗုဒ္ဓဆင်းတုတော်များ"စာမူကဒုတိယ၊ မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်) ရေးသားသည့် "ရွှံ့မီးဖုတ် အုတ်အလှပန်းအလင်္ကာ" စာမူကတတိယ အသီးသီး ရရှိကြသည်။

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသည့် ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်သို့ ရောက်ရှိခဲ့သော ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက် ၂၀၁၂ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို စာရေးဆရာမ သျှီ(အင်ကြင်း)ရေးသားသည့် "ဘူးထဲကရေ" စာအုပ်က ရရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ် "တစ်သက်တာစာပေဆု" ကို စာရေးဆရာကြီး ဦးဘသန်း(မဟာဝိဇ္ဇာ)က ရရှိသည်။

ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်မင်းသူနိုင် ပထမနှစ် (ပန်းပု)က လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်မင်းဦး ဒုတိယနှစ် (သဘင်ပညာ)တို့က လည်းကောင်း အသီးသီးရရှိကြသည်။

အမြန်ဆုံးဆက်သွယ်

ဆုနှင်းသဘင် အခမ်းအနားကို မေ ၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Traders ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၆၅၆၉နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

❄ ရှေ့ဖုံးမှ

ခြောက်ယောက်မြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ဒေါက်တာ ဆူစီလိုဘမ်ဘန်း ယူဒိုယိုနိုသည် ၂၀၀၉- ၂၀၁၄ သက်တမ်းအတွက်လည်း သမ္မတအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

ဒေါက်တာဆူစီလိုသည် မစ္စစ်ဟာဂျာအာနီး ဘမ်ဘန်းယူဒိုယိုနိုနှင့် ၁၉၇၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် လက်ထပ်ခဲ့ပြီး သားနှစ်ဦး ထွန်းကားခဲ့ပါသည်။

မစ္စစ်ဟာဂျာအာနီး ဘမ်ဘန်းယူဒိုယိုနို၏ ကိုယ်ရေးအကျဉ်း

မစ္စစ် ဟာဂျာအာနီးဘမ်ဘန်း ယူဒိုယိုနိုကို ၁၉၅၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျာကာတာ၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၈ခုနှစ်တွင် အင်ဒိုနီးရှား အလွတ်သင်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့ပါသည်။ ၎င်းသည် ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် ၁၉၇၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် လက်ထပ်ခဲ့ပြီး သားနှစ်ဦးထွန်းကားခဲ့ပါသည်။ မစ္စစ်အာနီးသည် ဒီမိုကရက်တစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးအနေဖြင့်လည်း တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။ ၎င်းသည် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစသည့် လူမှုရေးအစီအစဉ်များကို ထောက်ပံ့ပေးနိုင်ရန် လူမှုရေးအဖွဲ့အစည်းများကို ဖွဲ့စည်းထားပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၂

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်း-မိတ်သလင် ကျေးရွာချင်းဆက်ကတ္တရာလမ်း ငါးမိုင်ခင်းခြင်းလုပ်ငန်းကို(KA)ကုမ္ပဏီက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်လျက်ရှိပြီး ယင်းလမ်းပြီးစီးပါက စစ်တောင်းမြစ် အရှေ့ဘက်ကမ်းဒေသသို့ အချိန်တိုအတွင်း လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(ဖိုးအောင်)**

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် မေ ၂၂

ယနေ့နံနက် ၂ နာရီ ၅ မိနစ် ၃၈ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၅၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဟားခါးမြို့၏မြောက်ဘက် ငါးမိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၁၃ (အင်္ဂါနေ့)

၅း၀၀ MRTV-4 အဖွင့် Logo
၅း၀၁ ပဌာန်းပါဠိတော်+ မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ **လက်တွဲပျော်ရွှင် နိဗ္ဗာန်ဝင် တရားတော်** (သီတဂူဆရာတော် အရှင်တိက္ခသာရ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၃၉)
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၈၃)
၉း၃၅ ဗန်ကောက်မြို့ရဲ့ အလှတရားများ
၁၁း၀၀ ခေတ်သစ်ပျိုမေ
၁၁း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၂၇)
၁၂း၁၅ Minute to Win It
၄း၀၀ Cartoon Series (The Adventure of Dalgo The Great)
၄း၂၅ Happy Time Happy Lesson
၄း၅၀ သွားမယ်စားမယ် (IT Food Center)
၅း၁၅ Minute to Win It
၆း၀၀ MRTV-4 သတင်း
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၂၈)
၁၀း၁၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၀ World of Knowledge (Human Body Punshing The Limits; Strength)
၁၂း၀၀ **လက်တွဲပျော်ရွှင် နိဗ္ဗာန်ဝင် တရားတော်** (သီတဂူဆရာတော် အရှင်တိက္ခသာရ)

နိုင်ငံတကာသတင်း

ဘော့စ်တွန်ဗုံး သံသယရှိသူအား တရားစွဲဆိုရန်ပြင်ဆင်နေ

ဘော့စ်တွန် မေ ၂၂

အမေရိကန်အစိုးရရှေ့နေများက ဘော့စ်တွန်မာရသွန်ဗုံးဖောက်ခွဲသူဟု သံသယရှိသူ ဒိုခါးဆာနေးအားဖမ်းဆီးခဲ့ပြီး အသေးစိတ်အချက်အလက်များ ထွက်ပေါ်လာမှုအပေါ် မူတည်၍ တရားစွဲဆိုသွားရန် ပြင်ဆင်နေပြီဖြစ်ကြောင်း မေ ၂၂ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဆေးကုသမှုခံယူ

အဆိုပါသံသယရှိသူသည် လူများသေစေနိုင်သည့် လက်နက်အသုံးပြုမှုဖြင့် တရားစွဲဆိုခံရလျှင် သေဒဏ်ကျခံရဖွယ်ရှိသည်။ မစ္စတာ ဆာနေးသည် ဆေးရုံပေါ်တွင် ဆေးကုသမှုခံယူနေဆဲဖြစ်သည်။ လည်မျိုတွင် ဒဏ်ရာရထားသဖြင့် စကားမပြောနိုင်ဘဲရှိသည်။ ၎င်းသည် မေးခွန်းများအပေါ် စာရေးသားဖြေကြားပေးနေကြောင်း အမည်မဖော်လိုသည့် သတင်းရပ်ကွက်၏ ပြောကြားချက်ကို ကိုးကားပြီး အမေရိကန်မီဒီယာက သတင်းဖော်ပြသည်။ သို့သော် ယင်းသည် တရားဝင်အတည်မပြုနိုင်ဟုဆိုသည်။ သတင်းများကို တရားဝင်ထုတ်ပြန်ခြင်းမရှိသေးကြောင်း အက်ဖ်ဘီအိုင်နှင့် ဘော့စ်တွန်ရဲတပ်ဖွဲ့တို့က ပြောသည်။ **(ဘီဘီစီ)**

ဗုံးဖောက်ခဲ့သူဟု သံသယရှိသူ ဒိုခါးဆာနေး

မကြာမီ ပါလက်စတိုင်းအစိုးရသစ်ဖွဲ့မည်ဟု သမ္မတအဘတ်စ်ပြောကြား

ရာမာလာ မေ ၂၂

မကြာမီအစိုးသစ်ဖွဲ့ရေး စတင်ဆွေးနွေးပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောကြားလိုက်ကြောင်း မေ ၂၁ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

အနောက်ဘက်ကမ်း ရာမာလာမြို့၌ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ အမှုဆောင်ကော်မတီအစည်းအဝေးကျင်းပစဉ်မာမွတ်အဘတ်စ်က ပြောကြားလိုက်ခြင်းဖြစ်သည်။

သမ္မတအဘတ်စ်သည် လွန်ခဲ့သည့် သီတင်းပတ်က ဝန်ကြီးချုပ် ဆလမ်းဖေးယက်၏ နုတ်ထွက်လွှာကို လက်ခံခဲ့ပြီဖြစ်သည်။ သို့သော် အစိုးရသစ်ဖွဲ့စည်းပြီးသည့်တိုင်အောင် ဆက်လက်တာဝန်ယူရန် သမ္မတက မေတ္တာရပ်ခံထားသည်။

ဖေးယက်သည် အုပ်ချုပ်မှုအာဏာနှင့်ပတ်သက်ပြီး သမ္မတအဘတ်စ်နှင့် သဘောထားချင်းကွဲလွဲနေသည်ဟု စွပ်စွဲခံရပြီးနောက် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ဖေးယက်သည် အဘတ်စ်ဦးဆောင်သော ဖာတာပါတီကိုအဖွဲ့ဝင် မဟုတ်ဘဲ အမေရိကန်ပညာတတ်စီးပွားရေးပညာရှင်တစ်ဦးဖြစ်သည်။ ဖေးယက်နုတ်ထွက်ဖို့ရန်အတွက် ဖာတာပါတီအဖွဲ့ဝင်များက အစိုးရကို ဖိအားပေးခဲ့သည်ဟုဆိုသည်။ **(ဆင်ဟွာ)**

အာဖဂန်စစ်သွေးကြွများ လက်နက်ချအလင်းဝင်

ကဘူးလ် မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့မြောက်ဘက် ကီလိုမီတာ ၁၆၀ အကွာတွင် လက်နက်ကိုင်စစ်သွေးကြွ တစ်ဒါဇင်ကျော် လက်နက်ချအလင်းဝင်ရောက်ခဲ့ကြောင်း မေ ၂၀ ရက်တွင် သတင်းဖော်ပြသည်။

လက်နက်ကိုင်စစ်သွေးကြွ ၁၄ ဦးသည် ဘက်ဂလန်းပြည်နယ် အီမာကာဇိုင်းခရိုင်၌ လက်နက်ကိုင်တိုက်ခိုက်ခြင်းကို စွန့်လွှတ်ကာ ပုံမှန်ဘဝများ စတင်ခဲ့ကြောင်း ပြည်နယ်ရဲအရာရှိ အက်ဆာဒူလာရှီဇတ်က ပြောသည်။ ၎င်းက စစ်သွေးကြွများ အလင်းဝင်ရောက်ခြင်းကိုလည်း ကြိုဆိုလိုက်သည်။ ယင်းတို့၏ လက်နက်များကိုလည်း ရဲတပ်ဖွဲ့သို့ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့သည် ဟု ဆိုသည်။

အာဖဂန်အစိုးရအနေဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ၎င်းအဖွဲ့ကဆော်သြလိုက်သည်။ အာဖဂန်စစ်သွေးကြွများသည် အမေရိကန်တို့ ကျူးကျော်ချိန်မှစပြီး အစိုးရနှင့် နေတိုးတပ်များကို ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ **(ဆင်ဟွာ)**

ဗာဂျီးနီးယားလေယာဉ်ပျက်ကျမှုတွင် လေတပ်ဗိုလ်ချုပ်နှင့်ဇနီးသေဆုံး

ဝါရှင်တန်ဒီစီ မေ ၂၂

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် လေတပ်ဗိုလ်ချုပ်တစ်ဦးနှင့် ၎င်း၏ဇနီးသည် သေဆုံးခဲ့သည့် လေယာဉ်တစ်စင်းပျက်ကျမှုကိစ္စကို ဗဟိုအာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မေ ၂၁ ရက်က အေဘီစီသတင်းတွင် ဖော်ပြသည်။ အသက် ၅၄ နှစ်အရွယ်ရှိ ဗိုလ်ချုပ်ဂျို့စ်ဖီဒီဘရောင်းသည် သူ၏ဇနီး ဆူးဘရောင်းနှင့်အတူ မေ ၁၉ ရက်က Cessna 210 အမျိုးအစား လေယာဉ်တစ်စင်းကို မောင်းနှင်ပျံသန်းချိန်တွင် ဝယ်လမ်စဘတ်-ဂျိမ်းစ်တောင်းလေဆိပ်အနီး၌ ပျက်ကျခဲ့မှုကြောင့် ၎င်းတို့ဇနီးမောင်နှံနှင့် သူတို့၏ခွေးလေးတစ်ကောင် သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ်ပျက်ကျမှုတွင် မြေပြင်ပေါ်မှတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ အင်ဂျင်တစ်လုံးတပ် ယင်းလေယာဉ်သည် အငြိမ်းစားရပ်ကွက်တစ်ခုအတွင်းရှိ နေအိမ်များအား တိုက်မိလုနီးပါးနေရာတွင် ပျက်ကျခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ပျက်ကျမှုဖြစ်ပွားရသည့် အကြောင်းအရင်းကို မသိရသေးဟု ဆိုသည်။

ဘရောင်းသည် ၁၉၈၀ ခုနှစ်တွင် လေတပ်သို့ဝင်ရောက်ခဲ့ပြီး ရာထူးအဆင့်များ တောက်လျှောက် တိုးမြှင့်ခဲ့သည်။ ၎င်းသည် ၂၀၁၀ ခုနှစ် အောက်တိုဘာလက ဝါရှင်တန်ဒီစီရှိ အမျိုးသားလုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာမဟာဗျူဟာအရင်းအမြစ်ဖြစ်သည့် The Dwight D.Eisenhower ကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်လာခဲ့သည်။

၎င်း၏သက်တမ်းတစ်လျှောက်တွင် B-1 နှင့် B-52 လေယာဉ်များအပါအဝင် လေယာဉ်မျိုးစုံကို ကျွမ်းကျင်စွာ မောင်းနှင်ခဲ့သည်။ **(အေဘီစီ)**

တင်မောင်လွင်-စုစည်းသည်

ခတ္တမန္ဒူ မေ ၂၂

နီပေါနိုင်ငံအလယ်ပိုင်း တီရိုင်းမြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုတစ်ခုအား အစိုးရတိရစ္ဆာန်ဆေးဝါးကုသရေးအရာရှိများက အတည်ပြုခဲ့ပြီးနောက် ကြက်ကောင်ရေ ၅၅၀၀၀ ထက်မနည်း သုတ်သင်ရှင်းလင်းခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူအနောက်တောင်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာ တီရိုင်းမြို့ အလယ်ပိုင်း ချစ်ဝမ်ခရိုင် တိရစ္ဆာန်ဆေးဝါးကုသရေးရုံးမှ အရာရှိတစ်ဦးက အတည်ပြုခဲ့ကြောင်း အင်္ဂလိပ်သတင်းစာတစ်စောင်တွင် ရေးသားဖော်ပြထားသည်။ ဘာရတ်ပါ-၈ ရှိ ကြက်မွေးမြူရေးခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက် တစ်လကြာရုံမျှရှိသေးချိန်တွင် ချစ်ဝမ်ရှိ မွေးမြူရေးကြက်ခြံနှစ်ခြံတွင် ထပ်မံရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ယင်းသတင်းစာတွင် ဖော်ပြသည်။

အဆိုပါကြက်ခြံနှစ်ခြံရှိ ကြက်များသည် ထူးထူးခြားခြား သေလုနီးပါးစတင်ဖြစ်ပေါ်ခဲ့ပြီးနောက် စမ်းသပ်စစ်ဆေးရန်အတွက် နမူနာများအဖြစ် ဓာတ်ခွဲခန်းသို့ ပေးပို့ခဲ့ရာမှ ယင်းဓာတ်ခွဲခန်းက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို မေ ၁၉ ရက်က အတည်ပြုပေးခဲ့သည်။

ချစ်ဝမ်ခရိုင် တိရစ္ဆာန်ဆေးဝါးကုသရေးရုံးအဖွဲ့က ယင်းကြက်ခြံနှစ်ခြံရှိ ကြက်ကောင်ရေ ၅၅၀၀၀ ထက်မနည်း သုတ်သင်ရှင်းလင်းထားပြီးဖြစ်ပြီး **(ယာပုံ)** ရောဂါကူးစက်မှုဖြစ်ပွားသည့်နေရာမှ ကြက်စာ ၂၆၀ ကီလိုဂရမ်နှင့် ကြက်ဥဖာ ၂၄၀ ကိုလည်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်လက အဆိုပါ ခရိုင်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုဘေးအန္တရာယ်ကြောင့် ကြက်ကောင်ရေ ၂၂၀၀၀ ကို သုတ်သင်ရှင်းလင်းခဲ့သည်။

နီပေါအလယ်ပိုင်းတွင် ကြက်ငှက်တုပ်ကွေးဘေးအန္တရာယ်ကြောင့် ကြက်ကောင်ရေ ၅၅၀၀၀ ထက်မနည်း သုတ်သင်ရှင်းလင်း

ယင်းကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် အဆိုပါခရိုင်အတွင်းရှိ အခြားကြက်မွေးမြူရေးခြံများသို့ ပျံ့နှံ့ကူးစက်နိုင်ကြောင်း ချစ်ဝမ်ခရိုင် အကြီးအကဲ ဟင်နာ့သ်ဒါဝါဒီက ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

အမေဇုံတောနက်ကြီးထဲက တောတွင်းသားတို့ဘဝ

မောင်နွေသစ်

ကမ္ဘာပေါ်မှာ တောနက်ကြီးတွေအတွင်း ကျင်လည်ကျက်စားနေတဲ့ တောတွင်းသား တာဇံတွေရှိတယ်လို့ ရုပ်ရှင်တွေ၊ ဗီဒီယိုကားတွေထဲမှာတော့ ကြည့်ဖူးကြမှာပါ။ တောတွင်းသား တာဇံတွေဟာ ဒီလောက်တိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ တကယ်မရှိနိုင်ဘူးလို့ ထင်ကြမှာပါ။ အမှန်တကယ်တော့ ရှိပါတယ်။ သူတို့ဟာ တကယ့်ကိုပဲ ပြင်ပလောကကြီးနဲ့ အဆက်ပြတ်နေတဲ့ တောတွင်းသားတွေပါ။ သူတို့ရဲ့ လူမျိုးနွယ်စုကတော့ Awa တဲ့။ တောင်အမေရိကတိုက်ရဲ့ အထင်ကရတောကြီးဖြစ်တဲ့ အမေဇုံတောကြီးအတွင်းမှာ နေထိုင်ကြပါတယ်။

ဘရာဇီးအစိုးရအနေနဲ့ ကမ္ဘာ့အန္တရာယ်အများဆုံး Awa လူမျိုးစုတွေကို ကာကွယ်စောင့်ရှောက်ရာမှာ အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ဘူးလို့ စည်းရုံးလှုံ့ဆော်သူတွေက ပြောဆိုနေကြပါတယ်။ ဒီ Awa လူမျိုးစုဟာ လူဦးရေ ၄၅၀ လောက်ပဲရှိတော့မယ်လို့ တွက်ဆထားကြပါတယ်။ သို့ပေမယ့် သူတို့ရဲ့ ပိုင်နက်နယ်မြေတောနက်ကြီးတွေကို ထောင်ပေါင်းများစွာသော သစ်ထုတ်လုပ်သူတွေနဲ့ အခြေချနေထိုင်သူတွေက ဖျက်လိုဖျက်ဆီးလုပ်လာကြပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ Awaတွေ နေထိုင်တဲ့ တောနက်ကြီးအတွင်းမှာ လာရောက်နေသူအားလုံး ၁၂ လအတွင်း ပြောင်းရွှေ့ထွက်ခွာပေးရမယ်လို့ ဘရာဇီးအစိုးရက အမိန့်ထုတ်ပြန်ထားပါတယ်။ သို့ပေမယ့်လည်း ဒီကိစ္စကို အောင်မြင်အောင် မဆောင်ရွက်နိုင်ဘူးလို့ ဒေသခံတိုင်းရင်းသားများ အခွင့်အရေးအဖွဲ့က ပြောပါတယ်။

Awa တွေဟာ ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းမှာ နေထိုင်ကြပြီး စုပေါင်းအမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ သူတို့ဟာ ပြင်ပလောကနဲ့ လုံးဝထိတွေ့ဆက်ဆံကြသူများ မဟုတ်ကြပါဘူး။ တောနက်ကြီးထဲမှာ သီးခြားကမ္ဘာလေးတစ်ခုအဖြစ် နေထိုင်ကြသူများဖြစ်ကြပါတယ်။ သို့ပေမယ့်လည်း Awa လူမျိုးစုတွေရဲ့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားတဲ့ နယ်မြေလေးခုဟာ နှစ်များစွာ အခြေချနေထိုင်သူတွေနဲ့ သစ်ထုတ်လုပ်သူတွေကြောင့် တဖြည်းဖြည်းလျော့ပါးလာရတယ်လို့ ဆိုပါတယ်။ ဟက်တာ ၁၂၀၀၀၀ ကျယ်ဝန်းတဲ့ နယ်မြေတစ်ခုဟာဆိုရင် သစ်တောဖုံးလွှမ်းမှု ၃၀ ရာခိုင်နှုန်းကျော် လျော့ပါးသွားပြီလို့ သိရပါတယ်။ ဒီတောကြီးထဲကို သစ်ထုတ်လုပ်တဲ့ကားတွေဟာ နေ့ညမပြတ် ဝင်ထွက်သွားလာနေကြတယ်လို့ ဆိုပါတယ်။ သစ်ပင်ခုတ်လှဲသံတွေ၊ လွှဆွဲသံတွေဟာ Awa တွေအတွက်တော့ အကြီးအကျယ်ထိတ်လန့်စရာပဲလို့ ဒေသခံတိုင်းရင်းသားများအခွင့်အရေးလှုပ်ရှားသူ နိုင်ငံတကာအဖွဲ့အစည်းမှ အလစ်ဘာယာဆိုသူက ပြောပါတယ်။ ဒေသခံ Awa တွေဟာ အဲဒီ ဆူညံသံတွေကြောင့် အမဲလိုက်ဖို့ တော်တော်ခက်ခဲနေတယ်လို့လည်း သူကပြောပါတယ်။

Awa တွေဟာ ဘရာဇီးဖွဲ့စည်းပုံအခြေခံဥပဒေအရ သူတို့ရဲ့ ပိုင်နက်နယ်မြေတွေအပေါ် ကျူးကျော်လာသူများကို တရားရုံးတွေ အသုံးပြုပြီး ပြန်လည်တိုက်ခိုက်လာတာ တွေ့ရပါတယ်။ ဂျာရာယာအာ ရမ်မီဂူယာရီယမ် ဆိုတဲ့ တရားသူကြီးကတော့ ဒီနှစ်မတ်လကုန်ကစပြီး သူတို့နယ်မြေအတွင်းမှာရှိတဲ့ သစ်ထုတ်လုပ်သူတွေ၊ မွေးမြူရေးခြံပိုင်ရှင်တွေနဲ့ အခြေချနေထိုင်သူတွေ ထွက်ခွာသွားကြဖို့ အမိန့်ထုတ်ပြန်ထားပါတယ်။ သို့သော်လည်း အာဏာပိုင်တွေဟာ နယ်မြေကျူးကျော်လာသူတွေကို လျှော့နည်းအောင်မလုပ်နိုင်ကြပါဘူး။ အစိုးရဌာနဆိုင်ရာတွေဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး တာဝန်ယူမှုမရှိဘူးလို့ တက်ကြွလှုပ်ရှားသူတွေက ဆိုပါတယ်။

Awa တွေအတွက်တော့ စိုးရိမ်ပူပန်မိပါတယ်။ သူတို့ဟာ တောနက်ကြီးထဲမှာ အစာရှာဖို့ခက်ခဲလာပါပြီလို့လည်း အလစ်ဘာယာက ပြောပါတယ်။ သူတို့ရဲ့ သစ်တောတွေ ဖျက်ဆီးခံရရင် သူတို့ရဲ့ အသက်ရှင်နေထိုင်မှုဟာလည်း အဆုံးသတ်သွားတော့မှာပဲလို့ ဘာယာက ဆက်လက်ပြောကြားပါတယ်။

၁၉၆၀ ပြည့်လွန်နှစ်များက ဘူမိဗေဒပညာရှင်တွေဟာ Awa တွေနေထိုင်တဲ့ဒေသမှာ သံစိမ်းတွေ တွေ့ရှိပြီး ထုတ်လုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ၁၉၈၀ လွန်နှစ်များမှာတော့ သံစိမ်းတွေသယ်ဖို့ ရထားလမ်းတစ်စုံ ဖောက်လုပ်လိုက်တဲ့အချိန်ကစပြီး ကျူးကျော်ဝင်ရောက်လာသူတွေဟာ ရောဂါဘယတွေ သယ်ဆောင်လာခြင်းနဲ့ အကြမ်းဖက်ခြင်းတို့ကြောင့် Awa လူမျိုးတွေဟာ အများအပြား သေကျေပျက်စီးခဲ့ရတယ်လို့ ဆိုပါတယ်။ အမေဇုံဒေသမှာ ဒေသခံတိုင်းရင်းသားမျိုးနွယ်စု ၇၇ မျိုးလောက်ရှိခဲ့ရာမှာ ၃၀ လောက်ပင်မရှိတော့ဘူးလို့ ဘရာဇီးအမျိုးသားအင်ဒီးယန်းဖောင်ဒေးရှင်းက ခန့်မှန်းထားပါတယ်။ ယခုအခါမှာတော့ တောတွင်းသား Awa တို့ရဲ့ ဘဝဟာလည်း ခြိမ်းခြောက်ခံနေရရှာပါပြီ။ သူတို့ဘဝဆက်လက်ရပ်တည် အသက်ရှင်နေထိုင်ရေးအတွက် ဘယ်သူတွေက ဘယ်လောက်အထိ ကာကွယ်ပေးနိုင်မှာတဲ့လဲ။ သူတို့လူမျိုးစုအတွက်တော့ တကယ့်ကိုပဲ ဝမ်းနည်းစရာကြီးပါပဲ။

နိုင်ငံတကာသတင်း

အီရန်က ရေနံလုပ်ငန်းတွင် ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံမည်

အီရန်နိုင်ငံက မတ် ၂၁ ရက်မှ စတင်သော အီရန်ပြက္ခဒိန်နှစ်တွင် ရေနံလုပ်ငန်း၌ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အီရန်ရေနံဝန်ကြီးက မေ ၂၁ ရက်တွင် ပြောကြားသည်။

မှတ်ချက်ပြုပြောကြားခဲ့

ပြီးခဲ့သည့်နှစ်က ရေနံလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ရာမှ ၂၀ ရာခိုင်နှုန်း တိုးမြှင့်ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်လျက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ရေနံဝန်ကြီး ရိုစတမ်းကွာဆေးမီကတီဟီရန်၌ ကျင်းပသော စွမ်းအင်ပြပွဲတွင် မှတ်ချက်ပြုပြောကြားခဲ့သည်။

အနောက်နိုင်ငံများက အီရန်စွမ်းအင်ကဏ္ဍကို အရေးယူပိတ်ဆို့ထားသော်လည်း သိသိသာသာ အောင်မြင်မှုများရရှိနေကြောင်း ကွာဆေးမီကပြောကြားသည်။

တရုတ်လျှင်ဒဏ်ခံရသူ တစ်သန်းခွဲကျော်ရှိ

တရုတ်နိုင်ငံအနောက်ပိုင်း စီချွမ်ပြည်နယ်၌ မေ ၂၀ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဒဏ်ခံစားရသူပေါင်း ၁ ဒသမ ၅ သန်းကျော်ရှိကြောင်း ပြည်သူ့ရေးရာဝန်ကြီးဌာနက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

စစ်ဆေးနေကြဆဲ

ယင်းငလျင်ကြောင့် အဆိုပါပြည်နယ်ရှိ ဒေသပေါင်း ၆၉ နေရာ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြသည်။ များပြားလှသော အဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။ အာဏာပိုင်များက ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးအပြည့်အဝ ဝန်ဆောင်မှုမပေးနိုင်သေးသည်ကို စစ်ဆေးနေကြဆဲဖြစ်သည်။

ယင်းငလျင်သည် အိမ်နီးချင်းချုံကျင်းနှင့် ယူနန်ပြည်နယ်များကိုလည်း ထိခိုက်ပျက်စီးစေခဲ့သည်။ ချုံကျင်းတွင် နေအိမ် ၄၀၀ နှင့် ယူနန်တွင် ၉၀၀ ပျက်စီးခဲ့သည်။ ၎င်းငလျင်ကြောင့် လူပေါင်း ၂၀၃ ဦး သေဆုံးခဲ့သည်။

အီဂျစ်အစိုးရအဖွဲ့ အပြောင်းအလဲလုပ်မည်

အီဂျစ်နိုင်ငံက နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံချေးယူကာ အများဆန္ဒနှင့်အညီ နိုင်ငံရေးတည်ဆောက်မှုတွင် အထောက်အကူဖြစ်စေရန် သူ၏အစိုးရအဖွဲ့ကို အပြောင်းအလဲလုပ်သွားမည်ဖြစ်ကြောင်း အီဂျစ်သမ္မတ မိုဟာမက်မော်စီက ပြောကြားလိုက်သည်။

တောင်းဆိုထား

မော်စီ၏ ပြိုင်ဘက်အတိုက်အခံများက ယခုနှစ်နှောင်းပိုင်းတွင် စတင်ဖွဲ့ယှရှိသည့် ပင်လယ်ရပ်ခြား ပါလီမန်ရွေးကောက်ပွဲသို့ အစိုးရသစ်ဖွဲ့စည်းပေးရန် တောင်းဆိုထားသည်။

ကိုင်ရို၏ အဓိကအလှူရှင်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံက အီဂျစ်သမ္မတမော်စီ၏ နိုင်ငံရေးကို ဝေဖန်လျက်ရှိသည်။ အဆိုပါ ချေးငွေများဖြင့် အီဂျစ်နိုင်ငံ၏ စီးပွားရေးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း အိုင်အမ်အက်ဖ်ကအလေးအနက် ပြောကြားသည်။

မြင့်မောင်စိုး - စုစည်းသည်

ကိုယ်ဝန်ဆောင်များ မူးယစ်ဆေးဝါးသုံးစွဲပါက ပေါင်မပြည့်ဘဲမွေးဖွားမှုကို ဖြစ်စေ

အမျိုးသမီးများသည် အရက်သေစာ သောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကြောင့် စိတ်မတည်မငြိမ်ဖြစ်စေနိုင်သကဲ့သို့ ပေါင်မပြည့်သော ကလေးမွေးဖွားရန် ဖြစ်နိုင်ခြေ ပုံမှန်ထက် လေးဆခန့်ပိုများနေပါသည်ဟု ဩစတြေးလျနိုင်ငံ၏ လေ့လာမှုတစ်ခုက ဆိုထားသည်။

အဆိုပါ လေ့လာတွေ့ရှိမှုအား ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၏ကိုယ်ဝန်ဆောင် အမျိုးသမီးများ စောင့်ရှောက်ရေး အဖွဲ့ကပြုလုပ်သော နှစ်ပတ်လည်အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

နယူးဆောက်သ်ဝေးလ် တက္ကသိုလ်အမျိုးသမီးများနှင့် ကလေးသူငယ်များ စောင့်ရှောက်ရေးကျောင်းမှ ဒေါက်တာ မီချဲလ်ဘိုနယ်လို၏ အဆိုအရ အမျိုးသမီးများ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲပါက ပေါင်မပြည့်သော ကလေးငယ်များမွေးဖွားခြင်း၊ လမစေ့ဘဲမွေးဖွားခြင်းတို့ ဖြစ်နိုင်သည်ဟုသိရသည်။ ယနေ့ခေတ်၌ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ဓလေ့စရိုက်များ ရေပန်းစားနေသဖြင့် ယခုလေ့လာမှုက ယင်း၏ တစ်စိတ်တစ်ဒေသပင်ဖြစ်ပါသည်ဟု ဆိုသည်။

ပြောကြားခဲ့

"အခုခေတ် အမျိုးသမီးတွေက ခေတ်မီလွန်းနေကြတယ်ရှင့်။ အရက်လည်းသောက်ကြသလို မူးယစ်ဆေးဝါးပါ သုံးကြတယ်ရှင့်" ဟု ၎င်းက ဩစတြေးလျအခြေစိုက် အေပီသတင်းဌာနသို့ ပြောကြားသွားခဲ့သည်။ အမျိုးသမီးများသည် လူမှုပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေအခက်အခဲတို့ကြောင့် သန္ဓေတားဆေးသုံးစွဲမှုများလည်းရှိသည်ဟု ဖြည့်စွက်ပြောကြားခဲ့သည်။

အဆိုပါ လေ့လာမှုသည် ပထမဆုံး ကိုယ်ဝန်ဖြစ်ပြီး ပေါင်မပြည့်ဘဲမွေးဖွားထားသူ အမျိုးသမီး ၁၁၀၇ ဦးတို့၏ အခြေအနေအချက်အလက်များအပေါ် အခြေခံ၍ လေ့လာခဲ့ခြင်းဖြစ်သည်။

နေခြည် - ရေးသားသည်

ဂူဂဲလ်ပလေးမှ ဆော့ဖ်ဝဲများတွင် ဗိုင်းရပ်စ်ပါကြောင်း တွေ့ရ

မြန်မာနိုင်ငံတွင် မကြာသေးမီကစတင်အသုံးပြုလာနိုင်သော အန်းဒရွိုက် ဆော့ဖ်ဝဲများကို ဒေါင်းလုပ်ရယူနိုင်သည့် ဂူဂဲလ်ပလေးရှိ ဆော့ဖ်ဝဲ ၃၂ ခုတွင် "သတင်းဆိုး"အမည်ရ ဗိုင်းရပ်စ်တစ်မျိုးကို တွေ့ရှိရသည်ဟု လုံခြုံရေးကျွမ်းကျင်သူများကို ကိုးကား၍ ဘီဘီစီသတင်းတစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။

လျော့နည်း

ဗိုင်းရပ်စ်ကူးစက်ခံရပါက ဖုန်းအတွင်းမှ အလိုအလျောက် မက်ဆေ့ချ်များပေးပို့ခြင်းဖြင့် ဖုန်းတွင်းရှိ ငွေပမာဏကို လျော့နည်းသွားစေနိုင်ကြောင်း သိရသည်။

ထိုဗိုင်းရပ်စ် ပရိုဂရမ်သည် ဟန်းဆက်များကို ရက်သတ္တပတ်ပေါင်းများစွာ သုံးမရအောင် ပြုလုပ်ပစ်နိုင်သည်ဟု ၎င်းကို ဖော်ထုတ်နိုင်ခဲ့သည့် လုံခြုံရေးကုမ္ပဏီတစ်ခုက ဆိုထားသည်။

ပစ်မှတ်ထား

ထိုဗိုင်းရပ်စ်သည် ရုရှားဘယ်လာရုဇ်နှင့် အခြားအရှေ့ဥရောပမှ အန်းဒရွိုက်ဖုန်း အသုံးပြုသူများကို ပစ်မှတ်ထား တိုက်ခိုက်ကြောင်း

တွေ့ရှိရသည်ဟုလည်း ဆိုသည်။

ကိုးသန်းအထိရှိ

ကူးစက်ခံရသည့် အရေအတွက်ကို အတိအကျဖော်ပြနိုင်ရန် မလွယ်ကူဟုဆိုသည်။ ဂူဂဲလ်ပလေး၏ မှတ်တမ်းအရ ကူးစက်ခံထားရသည့် ဆော့ဖ်ဝဲများကို ဒေါင်းလုပ်ဆွဲယူမှု အရေအတွက်မှာ နှစ်သန်းမှ ကိုးသန်းအထိရှိသည်ဟု ဆိုသည်။

ဗိုင်းရပ်စ်စွဲကပ်ခံရသည့် ဆော့ဖ်ဝဲအများစုမှာ ဟင်းချက်လမ်းညွှန်များ၊ ဝေါလ်ပေပါများ၊ ဂိမ်းများနှင့် ညစ်ညမ်းဆော့ဖ်ဝဲများ ဖြစ်သည်။

ခွန်နေမိုး - ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ခရမ်းလွန်ရောင်ခြည်၊ အပူဒဏ်ကာကွယ်ရေးနှင့်ကျန်းမာရေး

ရှင်ဇာနန်(ကျန်းမာရေးပညာ)

သဘာဝတရားကြီးကိုစဉ်းစားမိသူတိုင်းအံ့သြကြရသည်။ စကြာဝဠာကြီးအကြောင်း ထပ်စဉ်းစားသော် မအံ့သြဘဲမည်သူရှိမည်နည်း။ စကြာဝဠာထဲ၌ ဂြိုဟ်ပေါင်းကုဋေကုဋာအနန္တမျှရှိရာ သက်ရှိဟူ၍ ကျွန်ုပ်တို့ကမ္ဘာ၌သာ အခိုင်အမာတွေ့ရသေးသည်။ အင်္ဂါဂြိုဟ်၌ ရေရှိခဲ့ဖူးဟန်တူကြောင်း သိပ္ပံပညာရှင်များ ယနေ့နောက်ဆုံးတွေ့ရှိခဲ့ကြ၏။ အံ့ဖွယ်ဖြစ်ရပ်ပင်ဖြစ်ပါသည်။

သက်ရှိများမည်ကဲ့သို့စတင်ဖြစ်တည်လာသည်ကို မည်သူမျှ အတိအကျမသိနိုင်သော်လည်း အသက်ရှင်ရပ်တည်နေနိုင်ရန် အထောက်အပံ့ပေးသော အကြောင်းတရားများကိုမူ လူသားများ ကောင်းစွာနားလည်သဘောပေါက်လျက်ရှိနေပါသည်။ သက်ရှိများသည် အပင်များမှ အစာအာဟာရများရယူကာ အသက်ရှင်နေကြရပါသည်။ **အပင်များကမူ နေရောင်ခြည်မှ စွမ်းအင်ကိုရယူကာ အစာချက်လုပ်ခြင်းဖြင့် အသက်ရှင်သန်ကြရပါသည်။** ထို့ကြောင့် နေရောင်ခြည်မရှိပါက သက်ရှိများမရှိနိုင်ပေ။ **သို့သော် သက်ရှိများအတွက် နေရောင်ခြည်သည် အခြားတစ်ဖက်၌ အန္တရာယ်များပေးနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။**

အမှန်၌ လူသားများအား အန္တရာယ်ပေးနိုင်သော အရာများစွာရှိနေပါသည်။မရေတွက်နိုင်သော ရောဂါပိုးမွှားများစွာက နေ့စဉ်နှင့်အမျှဒုက္ခပေးရန် စောင့်ဆိုင်းလျက်ရှိနေပါသည်။ ဤတွင်မကသေးပေ။ အဆိပ်အတောက်ပေါင်းများစွာလည်းရှိနေ၏။ ထိမိခိုက်မိကာ အဆိပ်အတောက်မိပြီး ဒုက္ခလှလှ တွေ့နိုင်ကြပါသည်။ ဤမျှနှင့်မပြီး။ မတော်တဆထိခိုက်မှုများကလည်း လူ့အသက်ပေါင်းများစွာကို နုတ်ယူလျက်ရှိပါသည်။ ယခုအခါ ရောင်ခြည်များ၏ အန္တရာယ်များကလည်း တစ်မျိုးတစ်မည်ဖြင့် ပေါ်လာလျက်ရှိနေပါသည်။ ဤတွင်ရောင်ခြည်များဟုဆိုရာ၌ ဓာတ်မှန်ရောင်ခြည်၊ ကော့စမစ်ရောင်ခြည်၊ အဏုမြူရောင်ခြည်၊ ဂမ္မာရောင်ခြည်၊ နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည် စသည်ဖြင့် အန္တရာယ်ရှိသောရောင်ခြည်များ ပါဝင်လျက်ရှိရာ ယခုအခါ ခရမ်းလွန်ရောင်ခြည်ဆိုလျှင် ကာကွယ်မှုများပြုလုပ်ရန် လိုအပ်နေပြီဟု ပညာရှင်များက သတိပေးလျက်ရှိနေပါသည်။

နေမှလာသောရောင်ခြည်များသည် သက်ရှိများအတွက် အကျိုးပြုသကဲ့သို့ တစ်ဖက်တွင် ဆိုးကျိုးများပေးနိုင်သည်။ နေရောင်ခြည်ဆိုပါက၊ လူသားများအတွက် ဗီတာမင်ဒီဓာတ်ရနိုင်သော်လည်း တန်ဆေးလွန်ဘေးဆိုသကဲ့သို့ လူ့အရေပြားနှင့် ထိတွေ့မှုများလျှင် နေရောင်ခြည်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားကင်ဆာရောဂါဖြစ်စေနိုင်သည်။ လူ့မျက်လုံးနှင့်ထိခိုက်လျှင် အမြင်အာရုံပျက်စီးစေနိုင်သည်။ အရေပြားကို ရောင်ခြည်နှင့်ထိတွေ့ဖန်များပါက အတွင်းဆဲလ်များကို ထိခိုက်ပြီး သက်ကြီးရွယ်အိုများပမာ ရင့်ရော်သွားစေနိုင်သည်ဟုဆိုသည်။ ခွန်အားများ ဆုတ်ယုတ်စေပြီး မျိုးဆက်ပွားရန်ပင် မစွမ်းဆောင်နိုင်ဘဲ ရှိနိုင်သည်ဟု ဆိုပါသည်။

အမှန်တကယ်ဆိုရသော် နေမှလာသောရောင်ခြည်များသည် သက်ရှိများ အသက်ရှင်သန်တည်ရှိနိုင်အောင် ဆောင်ကြဉ်းပေးသော ရောင်ခြည်များဖြစ်၏။ အန္တရာယ်ရှိသော ရောင်ခြည်များကို ကမ္ဘာ့လေထုကြီးက စုပ်ယူပေးသည်။ အထူးသဖြင့် အိုဇုန်းအလွှာကို ဖြတ်သန်းစဉ် ခရမ်းလွန်ရောင်ခြည်များ စုပ်ယူထားသဖြင့် ကမ္ဘာမြေကြီးပေါ်သို့ အနည်းငယ်မျှသာ ကျရောက်ခြင်းဖြစ်သည်။ သို့သော် ယခုအခါ လူတို့၏ပယောဂကြောင့် အိုဇုန်းအလွှာများပါးလာခြင်း၊ ပေါက်ထွက်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ အန္တရာယ်ရှိရောင်ခြည်များလည်း ကောင်းစွာကာကွယ်မပေးနိုင်သဖြင့် အန္တရာယ်ရှိသည့်အဆင့်အထိ ရောင်ခြည်ကျရောက်မှုနှုန်း မြင့်မားလာရသည်ဟု ဆိုပါသည်။

ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ကြရန် ပညာရှင်များက နှိုးဆော်လျက်ရှိနေကြပါသည်။ ကာကွယ်ရန်နည်းလမ်းများအဖြစ် အောက်ပါအတိုင်း အကြံပြုထားကြပါသည်။ ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေပူရှိန်ပြင်းစွာကျရောက်စဉ် အများဆုံးကျရောက်နိုင်သဖြင့် အိမ်အပြင်ထွက်ပြီး သွားလာမည်ဆိုပါက-

၁။ ထီးဆောင်းပါ။ ရောင်ပြန်ဟပ်နိုင်သော ထီးမျိုးဖြစ်ပါက ပို၍အကာအကွယ်ရနိုင်ပါသည်။

၂။ ထီးမရှိလျှင် ဦးထုပ်ခပ်ကြီးကြီးဆောင်းပါ။ ပခုံး၊ လည်ပင်း၊ မျက်နှာတို့ကို အကာအကွယ်ပေးရန်ဖြစ်ပါသည်။

၃။ နေကာမျက်မှန်တပ်ပါ။မျက်စိကိုကောင်းစွာ ကာကွယ်မှုပေးနိုင်ပါသည်။

၄။ အဝတ်အစားဝတ်ပါ။ ပိတ်သားကျစ်ပြီး အလင်းရောင်ပြန်နိုင်သော အဝတ်အစားမျိုးဖြစ်ပါက ပို၍ကောင်းသည်။ ဘောင်းဘီရှည်၊ လုံချည်ရှည်၊ အင်္ကျီလက်ရှည်များ ဝတ်ဆင်သင့်သည်။

၅။ နေရောင်အောက်တွင် အလုပ်လုပ်ရပါက အရိပ်ရအောင် မိုးကာများဖြင့် အမိုးမိုးပြုပြင်ပြီးမှ အရိပ်အောက်တွင် အလုပ်လုပ်သင့်သည်။

၆။ နို့စို့အရွယ်ကလေးများသည် ခံနိုင်ရည်နည်းသဖြင့် နေရောင်အောက်သို့ခေါ်သွားခြင်းမပြုသင့်ပါ။ ခေါ်သွားမည်ဆိုပါက နေရောင်ခြည်အကာအကွယ်များပြုလုပ်ပေးရပါမည်။

၇။ ကျောင်းများတွင် ကလေးငယ်များ နေရောင်ခြည်အောက်တွင် ကစားခြင်းမပြုရန် အသိပညာပေးရမည်။ ကလေးများနေရောင်ခြည်အောက်သွားရောက်ပါက ကာကွယ်နည်းများကို ကျောင်းစာသင်ခန်းထဲ၌ပင် သင်ကြားပေးရမည်။

၈။ အရိပ်အောက်၌ ခိုလုံလျှင် ကောင်းစွာအရိပ်ရသော နေရာမျိုးတွင်သာခိုပါ။

ဤတွင် ခရမ်းလွန်ရောင်ခြည်အကာအကွယ်ယူခြင်းဖြင့် အပူဒဏ်ကိုလည်း ကာကွယ်ပြီးဖြစ်စေနိုင်ပါသည်။ သို့ရာတွင် အပူဒဏ်ကာကွယ်ရန် အဝတ်ထူထူမဝတ်သင့်ပါ။ အပူဒဏ်ကာကွယ်ရန် မိမိအိမ်ခြံဝင်းထဲတွင် အရိပ်ရအပင်များစိုက်ပါ။ ရေများများသောက်ပေးပါ။ အိမ်ပြင်ထွက်ပြီးပြန်လာသည့်အခါ ကောင်းစွာအနားယူပါ။ ချက်ချင်းဆိုသလို အဝတ်အစားမချွတ်ပါနှင့်။ ရေမချိုးပါနှင့်။ အနည်းဆုံးတစ်နာရီခန့်အနားယူပြီးမှချိုးပါ။ ရေချိုးလျှင်လည်း ခြေဖျားမှ စလောင်းပြီး တစ်ဖြည်းဖြည်းချင်း တစ်ကိုယ်လုံးကိုလောင်းရပါမည်။ ရေချိုးမှားသဖြင့် အသက်ပင်ပေးဆပ်ရသူများစွာရှိသည်။ အပူရှပ်၍ ဖျားနာဖူးသူများစွာရှိနေပါသည်။ အသက်ကိုဉာဏ်စောင့်သည်ဟုဆိုကြပါသည်။

ခရမ်းလွန်ရောင်ခြည် ကျရောက်မှုနှုန်းကိုကြည့်လျှင် ပညာရှင်များ၏ သတ်မှတ်ချက်အရ (၀-၂ ဒသမ၉) UV range ရှိလျှင်၊ အန္တရာယ်ရှိမှုနှုန်းသည် (၃-၅ဒသမ၉) UV range ရှိလျှင် အသင့်အတင့်၊ (၆-၇ဒသမ၉) UV range နှုန်းရှိလျှင် မြင့်သည်ဟု သတ်မှတ်ပြီး (၈-၁၀ဒသမ၉) UV range ရှိလျှင် အလွန်မြင့်မားပြီး (၁၁+)အထက် UV range ရှိလျှင် အလွန့်အလွန်အန္တရာယ်မြင့်မားသည်ဟု သတ်မှတ်ထားရာ ကျွန်ုပ်တို့နိုင်ငံ၌ နေ့လယ်အချိန်နေပူကျဲကျဲတွင် ၁၂ UV range ခန့်ရှိသည်ဟု ဆိုပါသည်။

နေရောင်ခြည်သည် အသက်သခင်ကျေးဇူးရှင်ဟုဆိုနိုင်ပါသည်။ နေရောင်ခြည်မှ ခန္ဓာကိုယ်အတွက် လိုအပ်သောဗီတာမင်အီးကိုလည်း ရနိုင်ပါသည်။ မွေးစကလေးငယ်များ အသားဝါပါက နေရောင်ခြည်တွင်ပြသခြင်းဖြင့် ပျောက်ကင်းနိုင်သည် ဟုဆိုပါသည်။ သို့ရာတွင် တန်ဆေးလွန်ဘေးဆိုသကဲ့သို့ ရောင်ခြည်များကျရောက်မှုကိုလည်း ချိန်ဆကာ ကာကွယ်မှုပြုကြရမည်ဖြစ်သည်။ လူသားများကို အန္တရာယ်ပေးနိုင်သော အရာများစွာရှိ၏။ အသက်ရှင်သန်ရေးအတွက် အထောက်အကူပြုသည့် အရာများလည်းများစွာရှိနေပါသည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့သည် ဘဝအတွက်ရင်ဆိုင်ဖြေရှင်းကြရပေမည်။ အသိနှင့်ယှဉ်၍ ရောဂါအန္တရာယ်ကို ကာကွယ်နိုင်ကြစေရန် ရေးသားတိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

ယခုအခါ လူတို့၏ပယောဂကြောင့် အိုဇုန်းအလွှာများပါးလာခြင်း၊ ပေါက်ထွက်ခြင်းများ ဖြစ်ပေါ်လျက်ရှိရာ အန္တရာယ်ရှိရောင်ခြည်များလည်း ကောင်းစွာကာကွယ်မပေးနိုင်သဖြင့် အန္တရာယ်ရှိသည့်အဆင့်အထိ ရောင်ခြည်ကျရောက်မှုနှုန်း မြင့်မားလာရသည်ဟု ဆိုပါသည်။

ထို့ကြောင့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ကြရန် ပညာရှင်များက နှိုးဆော်လျက်ရှိနေကြပါသည်။

ကျိုင်းတုံသင်္ကြန် ဆန်မှုန့်၊ ဂျုံမှုန့်များဖြင့် ပက်ကစားကား / ဆိုင်ကယ် ရေဆေးခုံများဝင်ငွေတိုး

ကျိုင်းတုံ မေ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ကား/ဆိုင်ကယ် ရေဆေးခုံများ မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော်အပြီး၌ နေ့စဉ်လာရောက် ရေဆေးကြသူများဖြင့် စည်ကားလျက်ရှိကာ ဝင်ငွေတိုးလျက်ရှိကြောင်း ယင်းလုပ်ငန်းရှင်များထံမှ သိရှိရသည်။

ကျိုင်းတုံမြို့အနှံ့ရှိ ရေဆေးခုံများတွင် နေ့စဉ် ကား/ဆိုင်ကယ်များ ပုံမှန်လာရောက် ရေဆေးကြသူများ ရှိသော်လည်း သင်္ကြန်ပွဲတော်အပြီးတွင် ပုံမှန်ထက် သိသိသာသာပိုများလာကြောင်း အဆိုပါလုပ်ငန်းရှင်များက ပြောဆိုကြသည်။

မြန်မာနှစ်သစ်ကူး သင်္ကြန်ပွဲတော်သို့ရောက်တိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကလေး၊ လူကြီးမကျန် ပျော်ရွှင်စွာဖြင့် ရေပက်ကစားကြသော်လည်း ကျိုင်းတုံမြို့တွင်မူ တစ်မူထူးခြားစွာဖြင့် ဆန်မှုန့်နှင့်ဂျုံမှုန့်များအသုံးပြု၍ တစ်ဦးကိုတစ်ဦးပက်ကာ ကစားကြသဖြင့် ခန္ဓာကိုယ်အနှံ့သာမက ကား/ဆိုင်ကယ်များပါ ဆန်မှုန့်၊ ဂျုံမှုန့်များ ပေကျံရစ်ခဲ့သဖြင့် သန့်စင်ဆေးကြောသရွေ့ အဆိုပါ ဂျုံမှုန့်နှင့် ဆန်မှုန့်များ မပြောင်စင်ကြောင်း၊ အိမ်မှာကိုယ်တိုင်ရေဆေးရင် သိပ်ပြီးမပြောင်စင်သလိုထင်ရကြောင်း။ ရေဆေးခုံမှာဆိုတော့ ချောင်ကြိုချောင်ကြားမကျန် ပိုက်နဲ့ထိုးဆေးတော့ ဆန်မှုန့်၊ ဂျုံမှုန့်တွေသာမက သဲနှင့်ရွှံ့တွေပါ အကုန်ပြောင်စင်သလို ပေါလစ်ပါ တိုက်ပေးတော့ ပိုပြီးသန့်စင်သွားသည်ဟု ထင်ကြောင်း လာရောက်ရေဆေးသူကိုစိုင်းရှိန်တစ်က ပြောကြားသည်။

ကျိုင်းတုံမြို့တွင် လိုင်စင်ရှိမော်တော်ယာဉ်စီးရေ တစ်သိန်းခန့်ရှိကြောင်းနှင့် ရေဆေးခုံနှုန်းထားများမှာ ဆိုင်ကယ်တစ်စီးလျှင် ကျပ်တစ်ထောင်နှင့် ကားတစ်စီးလျှင်ကျပ်ငါးထောင်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) ရန်နိုင်(သီလဝ)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ယာဉ်အသွားအလာများသည့် မဟာဗန္ဓုလလမ်းမကြီး လမ်းသားအဆင့်မြှင့်တင်ပေးရန်လိုအပ်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသွယ်များကို AC နိုင်လွန် ကတ္တရာလမ်းအဖြစ် သက်ဆိုင်ရာမှ ဆက်တိုက်ခင်းကျင်းပေးနေရာ မေ ၂၂ရက်ထိ အမှတ် ၆နှင့် ၇ ရပ်ကွက်အတွင်းရှိ ဘုန်းကြီးလမ်း ၁၃လမ်း၊ ၁၄ လမ်း၊ ရွှေတောင်တန်းလမ်း၊ ၁၅ လမ်း၊ ၁၆လမ်းတို့၏ ကမ်းနားလမ်းနှင့် မဟာဗန္ဓုလနှင့် အနော်ရထာလမ်းအကြား အလယ်လမ်းအပိုင်းများ အနော်ရထာလမ်းနှင့် သရက်တောဘုန်းကြီးကျောင်းဝင်းအကြား လမ်းတိုအပိုင်းများအားလုံး ခင်းကျင်းဆဲဖြစ်ကြောင်း ယင်းရပ်ကွက်တွင် နေထိုင်သူများက ဆိုသည်။

လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသွယ်များကို တစ်လမ်းပြီး တစ်လမ်း AC ကတ္တရာလမ်း ခင်းကျင်းပေးနေသကဲ့သို့ နှစ်စဉ် ဖာထေးမှုနှင့်သာ လုပ်ဆောင်နေသော အဓိက ဘတ်စ်ကားလမ်းမကြီးဖြစ်သော ခြောက်လမ်းသွား မဟာဗန္ဓုလလမ်းမကြီး၏ ဘုန်းကြီးလမ်းနှင့် လမ်းသစ်လမ်းကြားအပိုင်းကို AC နိုင်လွန်ကတ္တရာ အပြည့် ခင်းကျင်းပေးစေလိုပါသည်ဟု ယင်းအပိုင်း မဟာဗန္ဓုလလမ်းပေါ်တွင် နေထိုင်သူများနှင့် နေ့စဉ်ဘတ်စ်ကားစီး ခရီးသည်များက ဆိုသည်။

ဖြတ်သန်းသွားလာ

အနော်ရထာလမ်းမကြီးကို AC နိုင်လွန်ကတ္တရာ ခင်းကျင်းပြီးဖြစ်ကြောင်း၊ လွန်ခဲ့သော ၂၀၁၀ ဝန်းကျင်တွင် မဟာဗန္ဓုလလမ်းမကြီး AC နိုင်လွန်ကတ္တရာခင်းရာတွင် ဘုန်းကြီးလမ်းထိပ်မှ လမ်းသစ်လမ်းကြားအပိုင်း ခင်းကျင်းပေးမှုမရှိဘဲ ကျန်ရစ်နေကြောင်း နှစ်စဉ်ဖာထေးမှုသာရှိကြောင်း ရန်ကုန်မြို့တွင်းအနောက်မှ အရှေ့သို့သွားသော ဘတ်စ်ကားယာဉ်လိုင်း အများစုဖြတ်သန်းရာ ယာဉ်အသွားအလာ နေ့စဉ်များပြားသော ဘုန်းကြီးလမ်းနှင့် လမ်းသစ်လမ်းကြားရှိ မဟာဗန္ဓုလလမ်းမကြီးကို လမ်းသားအဆင့်မြှင့်တင်ပေးရန် အထူးပင် လိုအပ်နေပါကြောင်းလမ်းပေါ်ရှိ ချိုင့်ဝှမ်းများပါ ဖာထေးမှုများဖြင့်သာ ပြုပြင်နေမည့်အခါ အသွားအလာနည်းသော လမ်းသွယ်များနည်းတူ AC နိုင်လွန်ကတ္တရာ ခင်းကျင်းပေးသင့်နေပါပြီဟု ယင်းလမ်းမကြီးပေါ် နေ့စဉ်ဖြတ်သန်းသွားလာသူများက ဆိုသည်။ **ခင်ဆိုင်**

ဆိုင်ကယ်ရပ်နားခ လျှော့ပေါ့ပေးစေချင်

ကျိုင်းတုံ မေ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အထွေထွေ ရောဂါကုဆေးရုံကြီးသည် ကျိုင်းတုံမြို့နယ်အတွင်း နေထိုင်ကြသည့် ဒေသခံများသာမက အနီးဝန်းကျင်ရှိ မြို့နယ်များရှိ ဒေသခံ တိုင်းရင်းသားအားလုံး၏ အားထား မှီခိုဆေးဝါးကုသမှုခံယူနေကြရသည့် ဆေးရုံကြီးတစ်ခုဖြစ်ပါသည်။

ဆေးရုံကြီး၏ ဆိုင်ကယ်ရပ်နားခ ကောက်ခံရာနေရာတွင် တစ်စီးလျှင် ငွေကျပ် ၃၀၀နှင့် ညအချိန်၌ ငွေကျပ် ၁၀၀၀ ကောက်ခံလျက်ရှိပြီး အကြောင်းကိစ္စတစ်ခုခုရှိ၍ အပြင်ခဏပြန်ထွက်ပြီး ပြန်လာပါကလည်း ဆိုင်ကယ်ရပ်နားခကို ထပ်မံကောက်ခံသဖြင့် ဒုတိယအကြိမ်ပေးဆောင်ရပါသည်။

ကျိုင်းတုံမြို့နှင့် အလှမ်းဝေးကွာသော မြို့နယ်များမှ ရက်ရှည်ဆေးရုံတက်လူနာများအတွက် လူနာဆောင်မိသားစုနှင့် ဆိုင်ကယ်ရပ်နားခကို တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ဖြင့် တွက်ချက်ပါက ဆိုင်ကယ်ရပ်နားခအတွက် ကုန်ကျမှု ဖြစ်နေကြရပါသည်။

နဒီဇော

ပြည်တွင်းသတင်း

မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများ အီးယူရုပ်သိမ်းသွားမည်

မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် လက်နက်ရောင်းဝယ်မှုမှလွဲပြီး ကျန်ပိတ်ဆို့အရေးယူမှုများကို ဥရောပသမဂ္ဂ (အီးယူ)က မကြာမီရုပ်သိမ်းပေးသွားရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကဏ္ဍသစ်ဖွင့်လှစ်သွားရန် အီးယူကဆန္ဒရှိကြောင်း မကြာသေးမီက ကျင်းပခဲ့သည့် အီးယူနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတစ်ရပ်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုအတော်များများကို လွန်ခဲ့သည့်နှစ်ကတည်းက အီးယူက ယာယီဆိုင်ငံ့ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ လက်နက်ရောင်းဝယ်မှုမှလွဲ၍ ကျန်ပိတ်ဆို့အရေးယူမှုများအားလုံးကို ရုပ်သိမ်းပေးရန် ပြင်ဆင်နေပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ရေးသားဖော်ပြသည်။

ယခုကဲ့သို့ ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းရန် စဉ်းစားရခြင်းမှာ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေများ တိုးတက်ကောင်းမွန်လာပြီဟု အသိအမှတ်ပြုယူဆသည့်အတွက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးစာမျက်နှာသစ်ဖွင့်လှစ်ပြီး ရေရှည်တည်တံ့သည့် မိတ်ဆွေနိုင်ငံအဖြစ် တည်ဆောက်သွားရန် အီးယူဘက်က လိုလားကြောင်း အီးယူနိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးဆုံးဖြတ်ချက်မူကြမ်းတွင် ထည့်သွင်းဖော်ပြထားသည်။

တစ်နှစ်ကြာဆိုင်းငံ့ထားသော အရေးယူပိတ်ဆို့မှုများ ပယ်ဖျက်ခြင်းကို လာမည့် ဧပြီ ၃၀ ရက်တွင် ပြုလုပ်သွားဖွယ်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက ဆက်လက်ဖော်ပြသည်။ **(အေအက်ဖ်ပီ)**

✻ ကျောဖုံးမှ

ထူထောင်နိုင်ခဲ့သူ မြကမ္ဘာကုမ္ပဏီမှ ဒေါ်မြမြရီတို့အား မြန်မာ့အလင်းမှ တွေ့ဆုံဆက်သွယ် မေးမြန်းခဲ့ပါသည်။

ဦးတင်အေး(အထွေထွေမန်နေဂျာ) မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်း လီမိတက်အသေးစားချေးငွေလုပ်ငန်း

မေး။ ။ ဆရာတို့အသေးစားချေးငွေလုပ်ငန်းကို ဘယ်နှခုနှစ်က တည်ထောင်ပြီး ယခုလက်ရှိ လူပေါင်း ဘယ်လောက်ကို အပေါင်မယူဘဲ ငွေထုတ်ချေးပြီးပြီလဲ ဆရာ။ ရည်ရွယ်ချက်လေးကော ပြောပေးပါ။

ဖြေ။ ၂၀၀၇ မှာ စတင်တည်ထောင်ပါတယ်။ ရည်ရွယ်ချက်က လက်လုပ်လက်စားတွေ ငွေကြေးအရင်းအနှီးမရှိလို့ ဘာမှုမလုပ်နိုင်ဘူးဆိုတာမရှိရအောင်နှင့် သူတို့တွေ လူနေမှုအဆင့်အတန်းမြင့်မားလာအောင်ပါ။ လက်ရှိလူပေါင်း ကိုးသောင်းလောက်ကို အပေါင်မယူဘဲ ငွေထုတ်ချေးပြီးပါပြီ။ မြန်မာတစ်နိုင်ငံလုံး အဖွဲ့ပေါင်း ၈၀ လောက်ရှိပါတယ်။

မေး။ လူကိုးသောင်းလောက် ငွေထုတ်ချေးပြီးပြီဆိုတော့ ဘယ်လိုလူတွေကို ချေးပေးလဲဆရာ။ ဘယ်လောက်ချေးပေးလဲဆရာ။

ဖြေ။ မြို့ပေါ်မှာတော့ လက်လုပ်လက်စားနဲ့ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်တွေကို ချေးပေးပါတယ်။ ကျေးလက်မှာတော့ တောင်သူတွေကို ချေးပါတယ်။ မြို့ပေါ်မှာတော့ ငွေကျပ် ၄၅၀၀၀ ကနေ စချေးပေးပြီး နေ့စဉ်အရစ်ကျ ပြန်လည်ပေးသွင်းရပါတယ်။ ငွေကျပ် ၆၀၀၀၀၊ ၉၀၀၀၀၊ ၁၂၀၀၀၀ စသည် ဖြင့် တဖြည်းဖြည်းတိုးချေးပေးပါတယ်။ ကျေးလက်မှာတော့ စိုက်တဲ့သီးနှံကို ကာလတစ်ခုသတ်မှတ်ထားပြီး ဧက အလိုက်ချေးပေးပါတယ်။ စပါးပေါ်မယ့် အချိန်၊ ပဲပေါ်မယ့် အချိန်စသည်ဖြင့် သတ်မှတ်ကာလတစ်ခုပေါ့။ တစ်ဧကကို ငွေကျပ် ၄၀၀၀၀လောက် သတ်မှတ်ချေးပေးပြီး ဧက ၂၀ လောက်ထိ ချေးပါတယ်။ နယ်တွေအတွက် ငွေကျပ် ၃၄ ဘီလီယံ (ကျပ်သန်းပေါင်း သုံးသောင်းလေးထောင်)လောက် ချေးပြီးပါပြီ။ တဖြည်းဖြည်းနဲ့ နယ်တွေထပ်ချဲ့မယ်။ လိုအပ်တဲ့ ငွေကြေးတွေလည်း ရှာဖွေဖို့ လုပ်နေပါတယ်။

မေး။ ငွေချေးတဲ့ စနစ်ကရော၊ ငွေချေးတာ လက်ရှိအောင်မြင်နေတဲ့ မြို့ပေါ်နဲ့ ကျေးလက်ဒေသတွေပြောပြပေးပါဦး။

ဖြေ။ စနစ်က ငါးယောက်တစ်ဖွဲ့ဝိုင်းကြီးချုပ်စနစ်ပါ။ ဂရာမင်း Style ပေါ့။ ရန်ကုန်ဆို သယ်န်းကျွန်း၊ လှိုင်သာယာ၊ အင်းစိန်နဲ့ ကျေးလက်မှာ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူပေါ့။ စစ်ကိုင်းတိုင်းဒေသကြီးမှာလည်း အောင်မြင်ပါတယ်။

ကျေးဇူးတင်ပါတယ်ဆရာ။

ဒေါ်မြမြရီ (မြကမ္ဘာကုမ္ပဏီ အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ဥက္ကဋ္ဌ)က ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းပြစဉ်။

ဆက်လက်၍ မြန်မာ့အလင်းသတင်းစာအဖွဲ့သည် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် မှတ်ပုံတင်အမှတ် ၃. ၁. ဗဟ/ရန်ကုန်ဖြင့် လုပ်ငန်းစတင် အကောင်အထည်ဖော်ခဲ့သော ဗဟိုသမဝါယမအသင်းလီမိတက် အသေးစားငွေကြေးလုပ်ငန်းတွင် စည်းရုံးရေးမှူးဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရာမှ ယခုအခါ မိမိကိုယ်ပိုင်ကုမ္ပဏီထူထောင်ကာ ရပ်တည်အောင်မြင်လျက် ရှိသော မြကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါ်မြမြရီအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဒေါ်မြမြရီ (မြကမ္ဘာကုမ္ပဏီ အသေးစား ငွေကြေးဝန်ဆောင်မှု လုပ်ငန်း ဥက္ကဋ္ဌ)

မေး။ မင်္ဂလာပါ။ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းစလုပ်ခဲ့တာလေးနဲ့ ကုမ္ပဏီတည်ထောင် ဖြစ်ပုံလေး ပြောပြပေးပါ။

ဖြေ။ အစကပြောရရင် ၂၀၀၇ စက်တင်ဘာမှာ ဗဟိုသမဝါယမအသင်းကနေ အသေးစားချေးငွေလုပ်ငန်းစလုပ်မယ်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေကို အပေါင်မယူဘဲ သက်သာတဲ့နှုန်းထားနဲ့ ငွေချေးမယ်။ ငွေစုပေးမယ်။ ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လုပ်မှာဆိုတော့ စိတ်ဝင်စားလို့စည်းရုံးရေးမှူး တာဝန်ယူပြီး စလုပ်ခဲ့တာပါ။ မြန်မာပြည်မှာ ဆင်းရဲခြင်းလွတ်ကင်းမှု လျှော့နည်းရေးကို ဗဟိုသမဝါယမကစလုပ်တာပါ။ အန်တီတို့အဖွဲ့ဟာ အမြတ်ငွေအများဆုံးရှာနိုင်တဲ့အဖွဲ့ ဖြစ်ခဲ့ပြီး အောင်မြင်စွာအကောင်အထည်ဖော်နိုင်လို့ စံပြဆုလည်းရခဲ့ပါတယ်။ အန်တီ ၂၀၁၀ ဖေဖော်ဝါရီလအထိ ဗဟိုနဲ့ လက်တွဲလုပ်ခဲ့ ပြီးနောက်ပိုင်း ကုမ္ပဏီထောင်ဖြစ်ပါတယ်။

မေး။ ကုမ္ပဏီထောင်တော့ရော အခက်အခဲရှိပါသလား။

ဖြေ။ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အကောင်အထည်ဖော်တာပဲ၊ ကုမ္ပဏီထောင်တာနေ့ချင်း ပြီးပါတယ်။ လုပ်ငန်းဖော်ဆောင်ရာမှာ စနစ်တကျဖြစ်အောင်အသေးစားငွေရေးကြေးရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတွေက အများကြီးအထောက်အကူပေးပါတယ်။

မေး။ ဟုတ်ကဲ့ပါ။ ပိုက်ဆံချေးတဲ့နေရာမှာ ယူတဲ့အတိုးနှုန်းလေးနဲ့ ဘယ်လိုလူမျိုးတွေကိုချေးပေးပါသလဲ။ ငွေချေးတဲ့ စနစ်နဲ့ ပုံစံလေးလည်း သိပါရစေ။

ဖြေ။ နိုင်ငံတော်က သတ်မှတ်တဲ့ နှစ်ကျပ်ခွဲတိုးနှုန်းနဲ့အပေါင်ပစ္စည်းမယူဘဲ ချေးပါတယ်။ ငွေချေးတဲ့နေရာမှာတော့ (၁) အမှန်တကယ်ဈေးရောင်းသူ (၂) နေ့စဉ်ဝင်ငွေရှိသူ (၃) အသက် ၆၀ ကျော်ပေမယ့် အလုပ်လုပ်ချင်စိတ်ရှိပြီး အလုပ်လုပ်နိုင်တဲ့သူတွေကို စိစစ်ပြီး ချေးပေးပါတယ်။ လောင်းကစားလုပ်သူနဲ့ နေ့စဉ်ဝင်ငွေမရတဲ့ဝန်ထမ်းကို မချေးပါဘူး။ ငွေချေးတဲ့စနစ်ကတော့ ဗဟိုသမဝါယမ စလုပ်ခဲ့တဲ့စနစ်အတိုင်း ငါးယောက်တစ်ဖွဲ့ဖွဲ့ပြီး တစ်ဦးကို တစ်ဦး အပြန်အလှန်တာဝန်ယူစေတဲ့ ဝိုင်းကြီးချုပ် စနစ်ပါ။ ဂရာမင်းဘဏ် ပုံစံမျိုးပါပဲ။ ဥပမာ ငွေကျပ်သုံးသောင်းချေးရင် တစ်နေ့ငွေကျပ် ၆၀၀နှုန်းနဲ့ နှစ်လပြည့်အောင်သွင်းစေပြီး သွင်းငွေမှာငွေကျပ် ၅၀၀ ကအရင်း၊ ၂၅ ကျပ်က အတိုး၊ ၇၅ ကျပ်ကစုငွေအနေနဲ့ စုပေးထားတော့ နှစ်လပြည့်ရင် သူကအန်တီတို့ဆီမှာ ငွေကျပ် ၄၅၀၀ စုပြီးသား ဖြစ်သွားပါတယ်။ တစ်နှစ်ပြည့်ရင် စုငွေထဲက ခြောက်လစာကို ပြန်လည်ထုတ်ပေးပြီး စုငွေအတွက် သူတို့ကို တစ်ကျပ်အတိုးနှုန်းပြန်ပေးပါတယ်။

မေး။ အခုလိုပြန်လည်ဖြေကြားပေးတဲ့ အန်တီ့ကိုကျေးဇူးတင်ပါတယ်။ နောက်ဆုံးတစ်ခုအနေနဲ့ အန်တီ့ဆီမှာ ငွေချေးတဲ့ အဖွဲ့သားတွေကို ဘယ်လိုပံ့ပိုးပေးပါသလဲ။ သူတို့ရဲ့ ပြောင်းလဲမှုနဲ့ငွေကို အန်တီအပေါင်မယူဘဲ ဘယ်လောက်ထိ ချေးပေးသလဲဆိုတာပြောပြပေးပါဦး။

ဖြေ။ ငွေကိုတော့ လူတစ်ဦး တစ်ယောက်လျှင် ငွေကျပ် ၉၀၀၀၀ ကျပ်နှုန်းနဲ့ချေးပါတယ်။ သွင်းငွေပြည့်တိုင်းထပ်တိုးချေးပါတယ်။ ငွေကျပ် ၁၈၀၀၀၀ ထိ တိုးချေးပေးဖို့ရှိပါတယ်။ ပံ့ပိုးမှုကတော့ နာရေးကိစ္စအတွက် အကူအညီတောင်းလာရင် အတိုးမယူဘဲ ခေတ္တငွေထုတ်ချေးပေးတယ်။ နှစ်စဉ် သင်္ကြန်တိုင်း ငွေချေးတဲ့ အဖွဲ့သားတွေနဲ့ မိတ်ဆုံစားပွဲ လုပ်တယ်။ ဒီနှစ်သင်္ကြန်မှာ မဲဖောက်ပေးတယ်လေ။ သူတို့ရဲ့ ပြောင်းလဲမှုလား။ တခြားသူဆီက လပေးမတ်တိုးနဲ့ ဆိုကိုယူပြီး အကြော်ကြော်တဲ့သူက ပုံးလိုက်ဝယ်လာနိုင်တယ်။ ဗန်းနဲ့ချရောင်းတဲ့သူက ဆိုင်ငှားဖြစ်လာတယ်။ စုငွေထုတ်ပြီဆိုရင် သူတို့တွေဟာ ပျော်ရွှင်ပြီး စုငွေလေးတွေနဲ့ ရွှေလက်စွပ်တို့၊ နားကပ်တို့ဝယ်လာနိုင်တယ်။ ပြီးတော့ သူတို့ကိုယ်ပိုင်ငွေကိုင်ပြီး အလုပ်လုပ်ချင်တဲ့စိတ်ကလေးတွေပေါ်လာတယ်။ ဒါဟာ ပြောင်းလဲမှုပေါ့။

မေး။ အခုလိုဖြေကြားပေးတဲ့ အန်တီ့ကို ကျေးဇူးတင်ပါတယ်။ ဒီလိုအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေ ပေါ်လာရင်ကောအန်တီ။

ဖြေ။ ကြိုဆိုရမှာပေါ့။ ဒါဟာ ကုသိုလ်ရတဲ့ စီးပွားရေးအလုပ်တစ်ခုပဲလေ။ စနစ်တကျနဲ့ အလေအလွင့်မရှိအောင်တော့လုပ်ရမှာပေါ့။ အန်တီ ဒီအလုပ်လုပ်တာ ရာနှုန်းပြည့်အောင်မြင်တယ်။ ဆုံးရှုံးမှုလုံးဝမရှိဘူး။ အခုလို လာရောက်မေးမြန်းတဲ့ သားတို့မြန်မာ့အလင်းသတင်းစာကိုလည်း အန်တီက ကျေးဇူးတကယ်တင်ပါတယ်။

ပါမောက္ခယူနွတ် အကောင်အထည်ဖော်ခဲ့သည့် ဆင်းရဲသူများအတွက် အသေးစားချေးငွေလုပ်ငန်း ဂရာမင်းဘဏ် (grameen) သည် အမှန်တကယ် ဆင်းရဲသား လျှော့နည်းပပျောက်မည့် ရိုးရှင်းသော အစီအစဉ်ဖြစ်သဖြင့် ဖွံ့ဖြိုးမှုအဆင့်ကွာဟမှုမရှိသော အမေရိကန်ကဲ့သို့နိုင်ငံကြီးများနှင့် တောင်အာဖရိက၊ ဖိလစ်ပိုင်၊ မလေးရှားတို့ကဲ့သို့ ကွဲပြားသောနိုင်ငံများတွင်ပါ လုပ်ဆောင်လျက်ရှိလာသည်။ "ပင်လယ်ထဲတွင် လမ်းပြအမှတ်အသားများ အရေးပါသကဲ့သို့ ဆင်းရဲခြင်း၏ အကြောင်းအရင်းများကိုလည်း တိကျသော သတ်မှတ်ချက်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခွဲခြားရန် လိုအပ်ပါသည်။ ဆင်းရဲခြင်း၏အကြောင်းအရင်းများကို ဆန်းစစ်လေ့လာရန်အတွက် အောက်ခြေသို့ ဆင်း၍ရှာဖွေမှုနည်းပါသည်။ ၄င်းအချက်သည် ဆင်းရဲခြင်းကို လက်တွေ့ထိရောက်အောင်မဖယ်ရှားနိုင်ခြင်းပင် ဖြစ်သည်" ဟု ၂၀၀၆ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ပါမောက္ခမိုဟာမက် ယူနွတ်(MUHAMMAD YUNUS)က သူ၏အမြင်ကို ချပြခဲ့ဖူးသည်။

(ပါမောက္ခယူနွတ် အကြောင်းသည် စာရေးဆရာဦးကြည်မြင့် (လသာ) ဘာသာပြန်ဆိုထားသည့် BANKER TO THE POOR ဆင်းရဲခြင်းလွတ်ကင်းအောင်လမ်းပြဆောင်ပါမည်မှ ထုတ်ယူသုံးထားခြင်းဖြစ်သည်။)

တတိယမြောက် မြန်မာ–တရုတ်နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေး နယ်စပ်ဆက်ဆံရေးရုံး ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၂၂

တတိယမြောက် မြန်မာ-တရုတ်နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး နယ်စပ်ဆက်ဆံရေး (အရာရှိ)ရုံးကို မြန်မာနိုင်ငံရှမ်းပြည်နယ်(မြောက်ပိုင်း) (လောက်ကိုင်)နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်(နန်ဆန်းမြို့)တို့တွင် မေလတတိယပတ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပထမအကြိမ် မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးရုံးကို ၂၀၀၈ ခုနှစ်က ရှမ်းပြည်နယ်(မြောက်ပိုင်း) (မူဆယ်မြို့)နှင့် ယူနန်ပြည်နယ်(ရွှေလီမြို့)တို့တွင် ဖွင့်လှစ်ခဲ့ပြီး ဒုတိယမြောက် မြန်မာ-တရုတ်နှစ်နိုင်ငံဆက်ဆံရေးရုံးကို ၂၀၀၉ ခုနှစ်က ကချင်ပြည်နယ်(လွယ်ဂျယ်မြို့)နှင့် ယူနန်ပြည်နယ်(ကျန်းဖုန်းမြို့)တို့တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မြန်မာ-တရုတ်နှစ်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး နယ်စပ်ဆက်ဆံရေး(အရာရှိ)ရုံးများ ဖွင့်လှစ်ခြင်းဖြင့် သတင်းအချက်များ အချိန်နှင့်တစ်ပြေးညီဖလှယ်နိုင်ခြင်း၊ လူကုန်ကူးသူများအား ပူးပေါင်းဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း၊ လူကုန်ကူးခံရသူများအား ပူးပေါင်းကယ်တင်နိုင်ခြင်း၊ လူကုန်ကူးမှုနှင့်စပ်လျဉ်းပြီး ပူးတွဲစုံစမ်းရေး သက်သေအထောက်အထားများရရှိနိုင်ခြင်း၊ လူကုန်ကူးမှုလမ်းကြောင်း၊ ပုံစံ၊ အသုံးပြုသောနည်းလမ်းများအပါအဝင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခြင်းတို့အတွက် ပုံမှန်အစည်းအဝေးများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်းဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းဌာနမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး ဒေါ်ဥမ္မာရင်မိက ပြောကြားခဲ့သည်။

မင်းမင်းဇော်(ကလေး)

စပစ်ဖိုင်းယားတိုက်လေယာဉ်များ ရှာဖွေမှု လေ့လာတိုင်းတာနေဆဲ အဆင့်မှာပဲရှိ

နေပြည်တော် ဧပြီ ၂၂

ဒုတိယ ကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံတွင် မြှုပ်နှံထားသော စပစ်ဖိုင်းယား တိုက်လေယာဉ်များကို ရွှေတောင်ပေါ်ကုမ္ပဏီက ဦးဆောင်၍ တူးဖော်ရန် ရှာဖွေလျက်ရှိရာ စပစ်ဖိုင်းယားလေယာဉ်အပိုင်းအစ တွေ့ရှိပြီဖြစ်ကြောင်း အင်တာနက် စာမျက်နှာတွင်ဖော်ပြထားမှုမှာ မှန်ကန်မှုမရှိကြောင်း အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ "ကျွန်တော်တို့က ဒီလေယာဉ်တွေတွေ့ရှိဖို့ လေ့လာတဲ့အဆင့်မှာပဲရှိပါသေးတယ်။ လေယာဉ်အပိုင်းအစတွေ့တယ်ဆိုတာ မဟုတ်ပါဘူး။ တွေ့ဖို့ အဝေးကြီး ကျန်ပါသေးတယ်။ လေ့လာရှာဖွေနေဆဲပါပဲ၊ ကျွန်တော်တို့နဲ့ အတူလုပ်နေတဲ့ ဗြိတိန်ကနိုင်ငံခြားသား သင်္ကြန်မတိုင်မီက မိသားစုကိစ္စရှိလို့ ပြန်သွားပါတယ်။ အခုပြန်လာပြီဖြစ်လို့ မကြာမီမှာ လေ့လာတဲ့အနေအထားကိုပဲ ပြန်စမှာပါ" ဟု ရွှေတောင်ပေါ်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးထွန်းကျော်ကပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဒီတိုက်လေယာဉ်တွေတွေ့ဖို့ တစ်ဆင့်ပြီးတစ်ဆင့် လေ့လာတိုင်းတာမှုတွေ ဆက်လက်ပြုလုပ်သွားမှာပါ။ တူးတဲ့အဆင့်မရောက်သေးပါဘူး။ တွေ့ဖို့ ကြိုးစားနေဆဲပဲရှိပါသေးတယ်" ဟု ဦးထွန်းကျော်က ဆက်လက်ပြောကြားသည်။

မြင့်မောင်စိုး

✻ ကျောဖုံးမှ

စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

ဦးခင်မောင်ကြိုင်

ဦးသန်းစိုး (ခေါ်) ဦးဆပ်သီးမှာ လက်ရွေးစင်ကစားသမားအဖြစ် အာရှရွှေတံဆိပ်တစ်ခုနှင့် ဆီးဂိမ်းရွှေနှစ်ခုရရှိခဲ့သူဖြစ်ပြီး လက်ရှိတွင် ဇေယျာရွှေမြေလူငယ်အသင်း နည်းပြအဖြစ် ဆောင်ရွက်နေသူဖြစ်ကြောင်း သိရသည်။

ဦးမျိုးဝင်းညွန့်

AFC Gold Star Award အတွက် ဆုချီးမြှင့်ပွဲအခမ်းအနားကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မေ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးဘန်နီတင်အောင်နှင့် ဦးခင်မောင်ကြိုင်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ဦးသန်းစိုး

အနူးအညွတ်တောင်းပန်ခြင်း

ဧပြီ ၁၉ ရက် သောကြာနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇)တွင် ဖော်ပြပါရှိခဲ့သော "လူသတ်မှုနှင့် အဓမ္မကျူးလွန်သူကို ရဲနှင့်ပြည်သူ ပူးပေါင်းဖမ်းဆီး" သတင်းတွင် နစ်နာသူအမည်၊ နေရပ်တို့ကိုတည်းဖြတ်ရန် ပျက်ကွက်ခဲ့ခြင်းနှင့် တရားခံဟု သုံးနှုန်းဖော်ပြခဲ့ခြင်းတို့အပေါ် ကာယကံရှင်နှင့်တကွ သတင်းစာဖတ်ပြည်သူများသို့ အနူးအညွတ်တောင်းပန်အပ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အားလုံးအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၂

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများပါဝင်သော အဖွဲ့သည် ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ ရခိုင်ပြည်နယ်သို့သွားရောက်၍ ရခိုင်ပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အစီအမံများအား မိုးမကျမီ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဧပြီ ၁၉ရက်တွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့် ဦးတင်နိုင်သိန်းတို့ ဦးဆောင်သော အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ(၇)ခုတို့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီးရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိနေသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ သက်ဆိုင်ရာအပိုင်းအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများစုပေါင်း လာရောက်ခြင်းဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးတင်နိုင်သိန်းက ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များတွင် မိုးရာသီမကျရောက်မီ ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များနေထိုင်ရေးပြဿနာကို ကြိုတင်စီမံဆောင်ရွက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ရေတို၊ ရေရှည် စီမံချက်ရေးဆွဲတင်ပြရန် ဟူ၍ ရှိပါကြောင်း၊ လက်ရှိရေတိုဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ရေရှည်လုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်နိုင်နင်းနင်းကွပ်ကဲထိန်းသိမ်းအုပ်ချုပ်မှု လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံအောပြီးလုပ်ရန် တာစူနေချိန်ဖြစ်ရာ တည်ငြိမ်အေးချမ်းမှု ဆောင်ရွက်၍ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ်အစိုးရနှင့် UN/ INGO များ ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ယာယီနေရာချထားရန် ရှစ်ခန်းတွဲ တန်းလျား ၁၄၇၅ လုံး လိုအပ်ပါကြောင်း၊ ပေါက်တော၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များတွင် UNHCR မှ တာဝန်ယူ၍ ဧပြီလကုန်တွင် စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ စစ်တွေတွင်ဆောက်လုပ်မည့် တန်းလျားများအတွက် ကုမ္ပဏီများအား တာဝန်ပေးထားပြီး ပစ္စည်းများစုဆောင်းလျက်ရှိကြောင်းနှင့် မြို့နယ်အလိုက် ကယ်ဆယ်ရေးစခန်းများရှိ ရွှေ့ပြောင်းနေထိုင်သူများအား နေရာချထားပေးနိုင်မည့် အစီအမံများ၊ ရေနှင့်ကျန်းမာရေး၊ ပညာရေး အခြေအနေ လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးစခန်းများအလိုက် စီမံခန့်ခွဲမှု ဦးစီးကော်မတီဖွဲ့စည်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်နေရာချထားရေး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မိုးမကျမီ မိုးလုံလေလုံဖြစ်သည့် အဆောက်အအုံများ အောက်သို့ရောက်ရှိရေး၊ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်သည့် နေရာများတွင် ပြန်လည် လုပ်ကိုင်နိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်၍ ငွေကြေးနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း နှစ်ပေါင်းများစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသူများဖြစ်၍ သူ့အကျိုး ကိုယ့်အကျိုး နှစ်ဦးနှစ်ဖက်မျှမျှတတဖြင့် လူသားချင်းစာနာထောက်ထားသည့် အမြင်ဖြင့် နားလည်သည်းခံ ခွင့်လွှတ်ပြီး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ကြရန် လမ်းညွှန်ထားပြီး ဖြစ်ပါကြောင်း၊ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် စစ်တွေတွင် ရုံးဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအားလုံး ညီညီညွတ်ညွတ်နှင့် ကျရာတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ မိုးမကျမီ တိုးတက်မှုများ ရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာသည့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ကိုယ်စားလှယ်များဖြစ်ကြသော ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က လုပ်ငန်းတာဝန်များအပေါ် ရှေ့ဆက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြန်လည်သုံးသပ်ဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❀ ကျောဖုံးမှ

ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ပြည်သူ့လွှတ်တော်ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးအေးမောက်၊ ဒေါက်တာနေလင်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရာသီအလိုက် သီးနှံအမျိုးမျိုးစိုက်ပျိုးဖြစ်ထွန်းနေသည့် နယ်စပ်ဒေသမန့်ဟီးရိုး

မူဆယ် ဧပြီ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိသော မန့်ဟီးရိုးမြို့နယ်ခွဲမှာ နောင်ခေါ်၊ နောင်ဟင်ရွှေလီမြစ်ကမ်းဘေး လှေဆိပ်ရွာများနှင့် နောင်ခေါ်၊ ကောက်ကွက်အပါအဝင် ၁၉ ရွာဖြင့် ဖွဲ့စည်းထားကာ တရုတ်နိုင်ငံနှင့် ထိစပ်နေပြီး ရွှေလီမြစ်တစ်ဖက်ကမ်းတွင် သီးခြားတည်ရှိနေသော မြို့နယ်ခွဲဖြစ်သည်။ ရွှေလီမြစ်ဝှမ်းလွင်ပြင်၏ မြေသြဇာကောင်းမှုကြောင့် စပါးပြီးလျှင် သီးထပ်သီးနှံများ စဉ်ဆက်မပြတ် စိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်း၊ တိုင်ထောင်ပဲ၊ ပဲပုပ်၊ ကြံ၊ သခွား၊ ဖရုံ၊ ဂျုံစသည်ဖြင့် စိုက်ပျိုးကြရာ ဖြစ်ထွန်းအောင်မြင်နေကြောင်း တွေ့ရှိရသည်။ **(အပေါ်ပုံ)**

"ဒီဒေသတွေဟာ အရင်က သွားရေးလာရေး အလွန်ခက်ခဲပါတယ်။ ဒီဘက်နှစ်ပိုင်းတွေကျမှ ကျေးရွာချင်းဆက်လမ်းတွေ အမာခံပေါ်ထွက်လာပြီး အခုဆိုရင် နယ်စပ်မျဉ်းလေးသာခြားထားတဲ့ တရုတ်နိုင်ငံနည်းတူ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်း၊ ၂၄ နာရီမီးလင်းပြီး စိုက်ပျိုးရေးတွေလည်း ဖွံ့ဖြိုးလာပါပြီ။ ပြည်တွင်း ပြည်ပဧည့်သည်တွေ လေ့လာနိုင်အောင် ဝိုင်းဝန်းကြိုးစားရင် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိသွားမှာပါ" ဟု စာရေးဆရာဆန်းလင်းက မန့်ဟီးရိုးဒေသအကြောင်း တစ်စိတ်တစ်ဒေသပြောပြသည်။

သိန်းဇော်(ရွှေလီဦး)

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းများနှင့် အများပြည်သူဝန်ဆောင်မှုဥပဒေကြမ်း မီဒီယာလုပ်ငန်းရှင်းလင်းတင်ပြခြင်းနှင့် အကြံဉာဏ်တောင်းခံခြင်းအခမ်းအနား စစ်တွေမြို့၌ ကျင်းပ

နေပြည်တော် ဧပြီ ၂၂

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့် အများပြည်သူဝန်ဆောင်မှု ဥပဒေကြမ်း၊ မီဒီယာလုပ်ငန်းရှင်းလင်းတင်ပြခြင်းနှင့်အကြံဉာဏ်တောင်းခံခြင်းအခမ်းအနားကို ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ **(ယာပုံ)**အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဥပဒေပညာရှင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှုဝန်ထမ်းများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ လုပ်ငန်းရှင်များ၊ သတင်းစာဆရာများနှင့် မီဒီယာသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော မီဒီယာပြုပြင်ပြောင်းလဲရေး အစီအမံများ၊ ပြည်ထောင်စု Channel ၊လွှတ်တော် Channel ၊ Farmer Channelနှင့် Reader Channel များ ထုတ်လွှင့်မည့်အစီအစဉ်များ၊ ဘာသာပြန်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပုံနှိပ်ဥပဒေများနှင့် ပတ်သက်၍ အခန်းလိုက် အသေးစိတ်အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပုံနှိပ်ထုတ်ဝေသူများနှင့် ဥပဒေပညာရှင်များက ဆွေးနွေးမေးမြန်းခြင်း၊ လေ့လာသူပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သတင်းစာဆရာများနှင့် မီဒီယာများ၏ မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူးတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

Farmer Channel များကို ထိရောက်အောင်မြင်စွာဖြင့် ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရေး ဇာတ်တိုက်လေ့ကျင့်ရိုက်ကူးမှုများ ကြိုတင်ဆောင်ရွက်

နေပြည်တော် မေ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် နိုင်ငံအဝန်းရှိတောင်သူလယ်သမားများအတွက် Farmer Channel ရုပ်သံလွှင့် အစီအစဉ်များ ထိရောက်အောင်မြင်စွာ စတင်ထုတ်လုပ် ရိုက်ကူးပြသနိုင်ရေးလုပ်ငန်းခွင် အစည်းအဝေးကို ယနေ့နံနက် ၇ နာရီ ၁၅မိနစ်က ငလိုက်ဆည်ရေသောက်စနစ် ဧက (၅၀၀)တစ်စပ်တစ်ဆက်တည်းစက်မှုလယ်ယာမြေစနစ် စိုက်ကွင်းတွင် ပြုလုပ်၍ တာဝန်ရှိသူများနှင့် အသေးစိတ်ညှိနှိုင်းတွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးများ၊ တက်ရောက်လာသောညွှန်ကြားရေးမှူးချုပ်များက တောင်သူများ၏ ဗဟုသုတနှင့် အတွေ့အကြုံတိုးတက်စေရေးကို ရည်မှန်းချက်ကြီးမားစွာထားရှိ၍ လယ်ယာကဏ္ဍ ရုပ်သံလွှင့်အစီအစဉ်များကို အောင်မြင်စွာဖြင့်စနစ်တကျ ထုတ်လွှင့်ပြသသွားနိုင်ရေးအတွက် လယ်ယာကဏ္ဍတွင် အမှီပြုနေသော လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ အခြေခံစိုက်ပျိုးထုတ်လုပ်ကြသည့်တောင်သူများ အပါအဝင်ထိရောက်သော အကျိုးရှိသည့် ရုပ်သံလွှင့်အစီအစဉ်များကို ဆက်တိုက်လေ့ကျင့်ပြင်ဆင်ဆောင်ရွက်ရန် ကဏ္ဍအလိုက်လိုအပ်သည့် အချက်များကို လယ်ကွင်းအတွင်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စိုက်ကွင်းအတွင်း သက်တမ်းတို ရက်(၁၀၀)ပုလဲသွယ်စပ်မျိုးစပါးရင့်မှည့်ဖြစ်ထွန်းအောင်မြင်နေပြီး ရက်ပိုင်းအတွင်းရိတ်သိမ်းရန် အသင့်ဖြစ်နေမှု အခြေအနေကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံဈေးကွက်သို့ မိတ်ဆက်တင်ပို့ ရောင်းချရန်စိုက်ပျိုးထားရှိသော ဓာတုကင်းလွတ် (Chemical Free) ဖရဲအမျိုးမျိုး၊ သခွားနှင့်သခွားမွှေး အမျိုးမျိုး၊ ကြက်ဟင်းခါးစပ်မျိုးများ၊ ခရမ်းစပ်မျိုးများ၊ သဘော်စပ်မျိုးများ၊ ငရုတ်စပ်မျိုးများနှင့် ပြောင်းချိုစိုက်ခင်းများအတွင်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုအားပေးကြပြီး တောင်သူလယ်သမားများ စီးပွားဖြစ်စိုက်ပျိုးထားသောသီးနှံများကို ဂျပန်နိုင်ငံနှင့်အလားတူ ဈေးကောင်းရရှိနိုင်သည့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်မှဆုံးဖြတ်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာဓာတုကင်းလွတ်စိုက်ပျိုးဆောင်ရွက်နိုင်ရေး၊ ထွက်ရှိသောသီးနှံ၏ အရည်အသွေးအား စံချိန်မီအောင် ခေတ်မီထုပ်ပိုးစနစ်ဖြင့် ထုတ်လုပ်တင်ပို့ရောင်းချသောစနစ်များ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ကြရန် မှာကြားပြီး စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ Alliance Stars Company ၏ စက်မှုလယ်ယာစနစ် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အသင့်ရောက်ရှိ စုဖွဲ့ထားရှိသော ခေတ်မီမျိုးစေ့သန့်စင်စက်၊ခေတ်မီလယ်ထွန်စက်၊ ခေတ်မီလက်တွန်းထွန်စက်၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ဂိုဒေါင်အဆောက်အအုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးပညာရှင်များ၊ ရုပ်သံရိုက်ကူးထုတ်လုပ်ရေး အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး မှာကြားရာတွင် မကြာတော့မည့် ကာလတွင်ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ထုတ်လွှင့်တော့မည့် Farmer Channel များကိုထိရောက်အောင်မြင်စွာဖြင့် ရိုက်ကူးထုတ်လွှင့်ပြသနိုင်ရေးအတွက် ဇာတ်တိုက်လေ့ကျင့် ရိုက်ကူးမှုများကို ကြိုတင်ဆောင်ရွက်ရန်၊ ရိုက်ကူးပြသမည့်အစီအစဉ်များကိုလက်တွေ့ပကတိအခြေအနေနှင့် ထင်ဟပ်၍ မြေပြင်ကွင်းဆင်းဆောင်ရွက်ကြရန်နှင့် ကဏ္ဍအလိုက်ရသစုံလင်စွာဖြင့် ရိုက်ကူးပြသနိုင်ရေး စိတ်ရှည်ရင်းနှီးချစ်ခင်စွာဖြင့် ပူးပေါင်းညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်ကြရန် ထည့်သွင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**

အနာဂတ် ဆိပ်ကမ်းတိုးချဲ့ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး အထူးဂရုပြုဆောင်ရွက်

ရန်ကုန် မေ ၂၂

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည်မေ ၂၁ရက် နံနက်ပိုင်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိပြီး ဆူးလေဆိပ်ကမ်း၌ သင်္ဘောကြီးများ ဆိုက်ကပ်ထားရှိမှု အခြေအနေ၊ ကုန်တင်/ကုန်ချဆောင်ရွက်မှုအခြေအနေနှင့် ထားဝယ်-ကံဘောက် ရေနံစီမံကိန်းလုပ်ငန်းတွင်အသုံးပြုမည့် ပိုက်လုံးကြီးများ သင်္ဘောပေါ်မှ ချသည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** ရန်ကုန်နှင့်သီလဝါတွင် ဆိပ်ခံတံတား၂၄စင်းရှိပြီး သင်္ဘောကြီး၂၄စင်းဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ဝန်ထမ်းအင်အား ၃၅၁၂ ဦးဖြင့် လုပ်ငန်းများအဆင်ပြေချောမွေ့ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃ခုနှစ် မတ်လကုန်အထိ နိုင်ငံခြားသင်္ဘောဆိုက်ကပ်စင်းရေ ၂၁၉၆ စင်း၊ ကုန်တန်ချိန်မက်ထရစ်တန် (၂၃ ဒသမ ၇၁၉) သန်း၊ ကွန်တိန်နာ TEU (၄ ဒသမ ၇)သိန်း၊ မြန်မာငွေကျပ်(၇၁၈၁)သန်းနှင့် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ၄၄သန်းကျော် ရရှိနိုင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အနေဖြင့် လစဉ်ပင်စင်စားဝန်ထမ်းဦးရေ ၄၂၉၅ ဦးအတွက် လစဉ်ချီးမြှင့်ငွေ ၉၇၂သန်းကျော်ကိုလည်း ဌာနအသုံးစရိတ်မှ ကျခံသုံးစွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အနာဂတ်ဆိပ်ကမ်းတိုးချဲ့ရေးအတွက် Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ မီးဘေးလုံခြုံရေးစသည်တို့ကို အထူးဂရုပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်း (၄)ခုဖြစ်သော မြန်မာ့လေကြောင်း၊ မြန်မာ့သင်္ဘောကျင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဤစီးပွားရေးအဖွဲ့အစည်း (၄) ခုကို ယခုဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော စီးပွားရေးအဖွဲ့အစည်းများအဖြစ် သတ်မှတ်လုပ်ကိုင်ခွင့်ပြုထားပြီးဖြစ်ရာ နိုင်ငံတကာအဆင့်မီ စီးပွားရေးလုပ်ငန်းကြီးများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စီးပွားရေး အဖွဲ့အစည်း(၄)ခုအနေဖြင့် မိမိတို့၏ရည်ရွယ်ချက်(၃)ခုဖြစ်သော စီးပွားရေးအရ ပုဂ္ဂလိကလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်သည့်အဖွဲ့အစည်းများဖြစ်ရန်၊ စီးပွားရေးတွက်ခြေကိုက်ရန်၊ နိုင်ငံတော်အစိုးရ၏ စီးပွားရေးလက်ရုံးများဖြစ်ရန် စသည့်ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရေး အစဉ်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာရင်းဇယားများရေးဆွဲရာတွင် နိုင်ငံတကာစာရင်းစစ်အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လက်ရှိ အတတ်ပညာပိုင်းဆိုင်ရာများကိုခေတ်နှင့်အညီ သိရှိတတ်ကျွမ်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန် လိုအပ်ကြောင်း၊ အဖွဲ့အစည်းတစ်ခု၊ ဌာနတစ်ခု ရေရှည်တည်တံ့ရေးမှာ ဝန်ထမ်းအားလုံးစည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ရှိရန် လိုကြောင်း၊ နိုင်ငံတော်အတွက် အားကိုးအားထားရာဖြစ်ရန် လိုသကဲ့သို့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ဌာနတစ်ခုမဖြစ်ရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဌာနအကြီးအကဲများကမိမိတို့ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ဘဏ္ဍာရေးနှစ်အလိုက် ဝင်ငွေ/အသုံးစရိတ်/အရှုံးအမြတ် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၅-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် ဓမ္မပူဇာတေး
- ၇း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း
- ၇း၂၀ ပြည်သူတို့ရဲ့ စကားသံ
- ၇း၃၀ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (စိုက်ပျိုးထုတ်လုပ်မှုတောင်သူလယ်သမားနှင့် လုပ်ငန်းရှင်ဆု)
- ၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
- ၈း၂၅ SEA Games ဇာတ်လမ်းတို **နှလုံးသားနှင့်ရင်း၍** မင်းရာဇာ၊ ဇော်ဝင်းမောင်၊ ဆုပန်ထွာ ဒါရိုက်တာ-မောင်ပြည့်ဝ(ပန်းဝေသီ)
- ၉း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း
- ၁၂း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း+ မိုးလေဝသသတင်း
- ၁၅း၁၅ အိန္ဒိယရုပ်ရှင် **အချစ်ပြေးလမ်း**(ဒုတိယပိုင်း)

ညပိုင်း

- ၁၆း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း+ မိုးလေဝသသတင်း
- ၁၆း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇း၁၅ SEA Games (Go For Gold) (ဘော်လီဘော)
- ၁၈း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ ချစ်သမီး**(အပိုင်း-၃၈)
- ၂၀း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
- ၂၀း၃၅ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု (မြို့ပြနှင့် ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ ကွင်းဆင်းအကဲဖြတ်အကြိုမြင်ကွင်း)
- ၂၁း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း

မူဆယ်မြို့မှ နာဂရာမြောင်ရွှေဂူနီ သာသနာနယ်မြေ ဘုရားနေကဇာတင်ပွဲနှင့် ထီးတော်တင်ပွဲများကျင်းပ

မူဆယ် မေ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့အရှေ့ဘက်ရေကန်တောင် ပြည်တော်သာမြို့ဦးကျောင်းနှင့် စက်မှုဇုန်ကွက်သစ်တောင်ကြားတွင် စီးဆင်းလျက်ရှိသော စမ်းချောင်းမြောင်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် မူဆယ်ခရိုင်နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်းမှ ဦးဆောင်၍ အလှူရှင်များအသင်းအဖွဲ့က ကောင်းမှုဖြင့် လောကမုနိရုပ်ပွားတော်၊ ကမ္ဘာအေးစေတီတော်၊ နဂါးရုံဘုရား၊ ဗုဒ္ဓခြေတော်ရာ၊ ဗျာဒိတ်ပေးရုပ်ပွားတော်ရွှေဂူနီစေတီတော်၊ လိုဏ်ခေါင်းအတွင်းမှ ရုပ်ပွားတော် ကျိုက်ထီးရိုးပုံတူစေတီတော်နှင့် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ တည်ထားကိုးကွယ်လျက်ရှိသည်။

“ဒီနေ့ မေ ၂၁ရက်မှာ ကျိုက်ထီးရိုးပုံတူစေတီတော် ထီးတော်တင်ပွဲနှင့် ဌာပနာသွင်းပူဇော်ကျင်းပတဲ့အပြင် နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်အတွက်ပန္နက်ချမှာလည်းဖြစ်ပါတယ်။ တည်ထားပြီးတဲ့ ရုပ်ပွားတော်တွေကို အနေကဇာတင်မှာပါ။ အရင်ကတော့ ဒီနယ်မြေဟာစည်းမဲ့ကမ်းမဲ့ထင်းခုတ်၊ မြေတူး၊ ငါးများနဲ့ အပျော်လာကြတဲ့ နေရာပေါ့။ အခုတော့ တာဝန်ရှိသူတွေရော၊ မြေပိုင်ရှင်တွေရော၊ အလှူရှင်တွေရော၊ သဒ္ဓါထက်သန်စွာနဲ့ အဘက်ဘက်က လှူဒါန်းခဲ့ကြလို့ အလွန်စိတ်ငြိမ်အေးချမ်းပြီး စိတ်ချမ်းသာစွာနဲ့ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးတွေ့ရကာ ရေစီးသံတလွင်လွင်နဲ့ စိတ်ချမ်းသာမှုအပြည့်ခံစားရတဲ့ နာဂရာမြောင်ဖြစ်နေပြီမို့ ရပ်ဝေးရပ်နီး ဘုရားဖူးတွေ စိတ်ချမ်းသာစွာနဲ့ လာရောက်ဖူးမြော်နေကြပါပြီ”ဟု အကျိုးဆောင်မူဆယ်ခရိုင် ဘဏ်မန်နေဂျာ ဦးသိန်းတန်က ပြောကြားသည်။

မူဆယ်မြို့ လွိုင်တင်ခမ်း တောင်ခြေတွင် မေ ၇ ရက်က မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းမူဆယ်ခရိုင်အသင်းရုံးကို သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ၎င်းအသင်းအောက်တွင် မေတ္တာရှင်ဖောင်ဒေးရှင်း၊ စေတနာပရဟိတအသင်းများနှင့် လူမှုအသင်းအဖွဲ့များ ပါဝင်ကြပြီး နယ်စပ်ဒေသဖြစ်သော မူဆယ်ခရိုင်အတွင်း ဘာသာ၊ သာသနာရေးလုပ်ငန်းများစဉ်ဆက်မပြတ် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နေကြောင်း မူဆယ်ခရိုင်သာသနာရေး ဦးစီးမှူး ဦးနိုင်မောင်မောင်စိုးက ပြောကြားသည်။

သိန်းဇော်(ရွှေလီဦး)

တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့်အောင်လံမြို့တို့တွင် ၄၄ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် (၁ ဒသမ ၃၇) လက်မ၊ မြဝတီမြို့တွင် (၀ ဒသမ ၆၇) လက်မ၊ လောင်းလုံမြို့တွင် (၀ ဒသမ ၃၉) လက်မနှင့် မော်လိုက်မြို့တွင် (၀ ဒသမ ၁၆) လက်မတို့ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

တန်ဖိုးနည်း ဆင်းကတ် ၆၀၀၀၀ ကျော် မန္တလေးတိုင်းဒေသကြီးတွင် စတင်ရောင်းချမည်

မန္တလေး မေ ၂၂

မေ ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရောင်းချပေးမည့်ဆင်းကတ် အရေအတွက် ၆၅၀၀၀ ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ မိုဘိုင်းဖုန်းများ မရရှိသေးသည့်ဝန်ထမ်းများနှင့် ပြည်သူများအား နယ်မြေအလိုက်၊ လူဦးရေ အချိုးအလိုက် အိမ်ထောင်စုတစ်စုလျှင် SIM Card တစ်ကတ်နှုန်း ရောင်းချပေးမည်ဖြစ်သည်။

အဆိုပါ ဆင်းကတ်များလျှောက်ထားရာတွင် အိမ်ထောင်စုစာရင်း(မူရင်း) နှင့် (မိတ္တူ)တစ်စုံ၊ Pass port ဓာတ်ပုံနှစ်ပုံတို့ဖြင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အလိုက် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့မှူးများနှင့် ဆက်သွယ်ရေးအရာထမ်းများ ပါဝင်သည့် ရောင်းချရေးကော်မတီမှတစ်ဆင့် ရောင်းချပေးမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း တပ်ဆင်ပြီး ရေဒီယိုတိုင်စခန်းပေါင်း ၅၁ ခု၏ လိုင်းဆွဲအားအရ ယခုရောင်းချပေးမည့်အစီအစဉ်၌ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်တွင် ဆင်းကတ်ပေါင်း ၃၂၄၀၀ နှင့် ကျန်ခရိုင်ခြောက်ခု၌ ဆင်းကတ် ၃၂၆၀၀ တို့ကို ရောင်းချပေးမည်ဖြစ်သည်။

မေပြီလအတွက် ခွဲဝေရရှိသည့် CDMA 800 MHz SIM Card များကို ဝယ်ယူခွင့်မရရှိသော ဝန်ထမ်းများနှင့် အိမ်ထောင်စုဝင်များအား နောက်လများတွင် မန္တလေးတိုင်းဒေသကြီးအတွက် ခွဲဝေရရှိမည့် SIM Card များကို လစဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ခင်မောင်ဝင်း**

မန်း၌ ယာဉ်စည်းကမ်းလိုက်နာမှု အားနည်း

မန္တလေး မေ ၂၂

မန္တလေးမြို့၌ မြို့တော်အင်္ဂါရပ်နှင့်အညီ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များပေါများသော်လည်း ယာဉ်မောင်းသူများအနေဖြင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်မှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိရာ မေ ၂၀ ရက် နံနက် ၉ နာရီက ၈၂ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား မီးပွိုင့်အနီး ရပ်ထားသော ကားနှစ်စီးယာဉ်နှစ်ဆင့်တိုက်ခြင်းဖြစ်ပွားခဲ့သည့်အပြင် မေ ၁၉ ရက် နံနက် ၉ နာရီကလည်း ၆၂ လမ်း၊ ၃၉ လမ်းနှင့် လမ်း ၄၀ ကြားတွင်ရပ်ထားသော ကားခြောက်စီးနှင့် ဆိုင်ကယ်ခြောက်စီးအား ဆက်တိုက်ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် ယာဉ်မောင်းသူများ စနစ်တကျစည်းကမ်းလိုက်နာ မောင်းနှင်ကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက ယာဉ်အန္တရာယ်ကင်းစင်ရေး အသိပညာပေးလုပ်ငန်းများ ပိုမိုအရှိန်မြှင့်ရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။

ကျော်ထူး

အင်းတော် ပေကုန်းရွာ၌ ဘိန်းဖြူသုံးစွဲသူဖမ်းမိ

အင်းတော် မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပေကုန်းကျေးရွာ၌ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ရက် ည ၉နာရီက အင်းတော်မြို့နယ် နန်စီးအောင် ရဲစခန်းမှ စခန်းမှူး ရဲအုပ်မောင်မောင်လွင်နှင့်အဖွဲ့သည် သတင်းအရ ပေကုန်းကျေးရွာ နန်စီးအောင်ဘူတာအနီး ဒေါ်တင်နွယ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ သူအောင်ဆိုသူအား နေအိမ်၏ ဧည့်ခန်းတွင် သက်သေခံပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိသဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ထားသောအမှုဖြစ်ကြောင်း သိရသည်။ ဘိန်းဖြူဟု ယူဆရသည့် အဖြူမှုန့်များ ကပ်နေသည့် စက္ကူထုပ်တစ်ထုပ်၊ ဘိန်းဖြူသုံးစွဲရာတွင် အသုံးပြုသည့် ခဲရောင်စက္ကူဖော့ခွက်တစ်ခု၊ ဂက်စ်မီးခြစ်တစ်လုံး၊ မီးထွန်းပြီးစ ဖယောင်းတိုင်အသေးတစ်တိုင်တို့ဖြစ်ကြောင်း သိရသည်။

ယင်းအမှုအား အမှုစစ်ရဲအုပ် မောင်မောင်လွင်က တရားခံအား ဖမ်းဆီးစစ်ဆေးခဲ့ပြီး ကွင်းဆက်တရားခံပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ထားပြီး တရားခံ သူအောင် ၂၆နှစ် ပေကုန်းရွာ အင်းတော်မြို့နယ်နေသူအား ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ **လူအောင်(ကသာ)**

ရေကစားမဏ္ဍပ်၌ ဓားထိုးမှုဖြစ်

ကောလင်း မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ် ဆင်ဂေါင်းရွာရှိ သင်္ကြန်ရေကစားမဏ္ဍပ်၌ မေပြီ ၁၆ ရက် ည ၉ နာရီက ကိုဦးသည် တစ်ရွာတည်းနေ မောင်မဲ၊ ဆန်းလင်း၊ မြတ်ထွန်းတို့နှင့်အတူ ကခုန်နေစဉ် မဏ္ဍပ်ဆောက်လုပ်သူ မောင်တင့်က ကိုဦးတို့အဖွဲ့ကနေသည်ကို မကျေနပ်၍ ၎င်းတွင် အသင့်ပါလာသည့် ဓားဦးချွန်ဖြင့်ထိုးရာ ကိုဦး၏ ဝမ်းဗိုက်ဝဲဘေးတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲဘက်လက်ဖျံတွင် ပြတ်ရှဒဏ်ရာ တစ်ချက်ရရှိခဲ့သဖြင့် ဓားဖြင့်ထိုးသူ မောင်တင့်အား အရေးယူပေးပါရန် တိုင်ကြားထားသော အမှုဖြစ်ကြောင်း သိရသည်။

ယင်းအမှုအား ချောင်းနားရဲစခန်းမှ စခန်းမှူး ဒုရဲအုပ်သောင်းမြင့်က တရားလိုနှင့် သက်သေများ စစ်ဆေးခြင်း၊ အခင်းဖြစ်အရပ်အား စစ်ဆေးခြင်း၊ ဒဏ်ရာရရှိသူအား ဆေးစာဖြင့် ကောလင်းဆေးရုံသို့ ပို့ဆောင်ခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်း၊ တရားခံအား ဖမ်းဆီးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီးမောင်တင့် (၃၀ နှစ်) ဆင်ဂေါင်းကျေးရွာ ကောလင်းမြို့နယ်နေသူအား ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။

လူအောင်(ကသာ)

ရမည်းသင်းမြို့ သာသနာ့ဗိမာန်တော်ကြီး ပြီးစီးတော့မည်

ရမည်းသင်း မေ ၂၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝ ၂ တွင် ဆင်ကျုံးဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဦးကောသလ္လ၏ ဩဝါဒခံယူပြီး ဆရာတော်ဦးဝိမလနှင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများက ကြီးကြပ်ကာ ဗိမာန်ကြီး ပြီးစီးရေးများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

ယင်း သာသနာ့ဗိမာန်ကြီးမှာ အလျားပေ ၁၅၀၊ အနံ ၅၄ ပေအောက်ရှိ နှစ်ထပ်သုံးငါးဆင့်ပါ ကျောင်းဆောင်ကြီးဖြစ်သည်။ **(အပေါ်ပုံ)** ယခုအခါ ဗိမာန်အဝင်မုခ်ဦးတံတိုင်း တည်ဆောက်ခြင်း မျက်နှာကြက်နှင့် နံရံများတွင် ကြွေပြားများ ကပ်ခြင်း၊ အဝင်လမ်းကွန်ကရစ်ခင်းခြင်း၊ လျှပ်စစ်မီးများ သွယ်တန်းခြင်း၊ ရေကန်တူးခြင်းနှင့် သန့်စင်ခန်းများ၊ တူးဖော်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ သာသနာ့ဗိမာန်ကြီး တည်ဆောက်နိုင်ရေးတွက် မြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ ဆရာတော်ကြီးများ ထည့်ဝင်လှူဒါန်းငွေ၊ အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေနှင့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမိသားစု လှူဒါန်းငွေကျပ်သိန်း ၃၀၀၀ ကျော်အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်ရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။ **(ဝ၁၁)**

သဘာဝအတိုင်း မြူးထူးကျက်စားသော မျောက်များ ပခန်းကြီးမြို့ဟောင်းအနီး ရှင်မတောင်တွင် တိုးပွားလာ

ပခုက္ကူ မေ ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်းရှိ သရက္ခန်မြတ်စွာဘုရား ကိန်းဝပ်စံပျော်သော ရှင်မတောင်တော်ကြီး၌ သဘာဝအတိုင်း ကျက်စားသော မျောက်ကောင်ရေများ တိုးပွားလာရာ ကောင်ရေ ၅၀၀ ကျော်အထိရှိလာကြောင်း သိရသည်။

အညာဒေသ၏ သနပ်ခါးအများဆုံးရှင်သန်ရာနှင့် သနပ်ခါးကောင်းထွက်ရာ ရှင်မတောင်ကြီးသည် ပေပေါင်း ၁၇၂၃ပေ မြင့်မား၍လမ်းပန်းဆက်သွယ်မှု အားနည်းသောကြောင့် အနယ်နယ်မှ ဘုရားဖူးများ အလာနည်းကြောင်း ရှင်မတောင်တော်ဆရာတော်ဦးကဝိန္ဒောဘာသက မိန့်ကြားသည်။

ရှင်မတောင်ကြီးသည် ပခုက္ကူ-ရေစကြိုကားလမ်းမနှင့် ၁၀ မိုင်ခန့်ကွာဝေးသော်လည်း တောင်အို- ချင်းယားကုန်းလမ်းကြမ်းတမ်းမှု- ချင်းယားကုန်းမှ တောင်ပေါ်လမ်းအထိ ခက်ခဲမှုကြောင့် ဘုရားဖူးခရီးသည်များ နီးလျက်နှင့်ဝေးကွာနေကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ရှင်မတောင်ကြီးသည် တောင် ၉၉ လုံးနှင့် ဖွဲ့စည်းထားလျက် တောင်ကြော ဧရိယာမှာ မိုင်၂၀ ခန့် ကျယ်ဝန်းသည်။ ဆေးဖက်ဝင်နာဂမှိုင်း၊ နာဂမ၊ နာဂရာဇာ၊ နာဂဖို၊ နာဂမောက်၊ ပိတ်သင်းကပ်၊ ဓာတ်လေးပါး၊ ခူဆံ၊ သမားမုန်၊ နီပဆေး၊ ကြောင်ကျစ်၊ ဆေးခါးကြီးတောင်လုံးကျော်စသည့် ဆေးဖက်ဝင်အပင်များစွာ ပေါက်ရောက်သလိုရှင်မတောင်ကြီးဝိုင်း ၁၄၉၉၅ ဧကအတွင်း ရွှေသမင်နဲ့ မျောက်များလည်း ချစ်ခင်နေထိုင်ကျက်စားကြကြောင်း သိရသည်။

"ဘုရားဖူး အလာနည်းတော့ ဘုန်းကြီးကပဲ မြေပဲ၊ ပြောင်းဖူးဝယ်ကျွေး၊အလှူခံပြီး ကျွေးရတာပေါ့၊ သည်မျောက်တွေက အုပ်စုဖွဲ့နေကြတာများတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ဝန်းကျင်ကဆို မျောက်ကောင်ရေ ရာဂဏန်းပဲရှိတယ်"ဟု ရှင်မတောင်ဆရာတော်က မိန့်သည်။

ရှင်မတောင်မှ မျောက်များသည် ငါးနှစ်ဝန်းကျင်၌ အရွယ်ရောက်ကာ စက်တင်ဘာမှ ဒီဇင်ဘာလ၌ မိတ်လိုက်ကြကြောင်း ကိုယ်ဝန်ဆောင်ကာလ ၁၆၄ ရက်ဖြစ်ကြောင်း၊ မတ်လ၊ ဖွန်လတွင် သားပေါက်ကြောင်း၊ တစ်ကြိမ်လျှင် တစ်ကောင်သာမွေးပြီး တစ်ခါတစ်ရံ နှစ်ကောင်မွေးတတ်ကြောင်း လေ့လာသိရှိရသည်။

ထူးခြားသော သိကြားမင်းဆက်သသော သရက္ခန်ဗုဒ္ဓပူဇနိယပွဲတော်မှာ တန်ဆောင်မုန်းလပြည့်နေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။ ပခန်းကြီးမြို့ဟောင်းနှင့် ဆယ်မိုင်သာသာဝန်းကျင်ဝေးကွာ၍ အညာဒေသစိမ်းလန်းမြင့်ခေါင် ရှင်မတောင်တော်သို့ သွားရောက်လေ့လာ ကုသိုလ်ယူနိုင်ပါကြောင်း အညာဒေသခံပြည်သူတစ်ဦးက ပြောသည်။

နေဦးမောင် (ပခုက္ကူ)

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ ကျင်းပမည်

မန္တလေး မေ ၂၂

၂၀၁၃ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်မည့် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အတွက် ကမ္ဘာ့တိရစ္ဆာန်ဆရာဝန်များအသင်းမှ "ရောဂါတားဆီးထိန်းချုပ်ဖို့ ကာကွယ်ဆေးကိုထိုးကြစို့" ဆောင်ပုဒ်အား သတ်မှတ်ထားရာ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)တို့ ပူးပေါင်း၍ ယင်းဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွက် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၇ ရက် နံနက် ၈ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)ရုံး၌ ကျင်းပသွားမည်ဖြစ်သည်။

အခမဲ့ထိုးနှံ

အဆိုပါ အခမ်းအနားတွင် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အဖြစ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ပါမောက္ခဒေါက်တာရဲထွဋ်အောင်က ရောဂါတားဆီးထိန်းချုပ်ဖို့ ကာကွယ်ဆေးထိုးကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပြီး ယင်းနေ့တွင် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး) တို့ ပူးပေါင်း၍ မန္တလေးမြို့အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)ရုံး၊ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရှိ (စျ)ရပ်ကွက်အုပ်ချုပ်ရေးရုံး၊ (င) ရပ်ကွက်ရှိ ရပ်ကွက်ဓမ္မာရုံစသည့် သုံးနေရာတို့တွင် မန္တလေးမြို့ပေါ်၌ မွေးမြူထားရှိသော ခွေး၊ ကြောင်တို့အား ခွေးရူးပြန်ရောဂါကာကွယ်ဆေးများအား မည်သူ့ကိုမဆို အခမဲ့ထိုးနှံပေးသွားမည်ဖြစ်သည်။

ကျင်းပ

ထို့အပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်မြို့နယ်နှင့် မြင်းခြံမြို့နယ်တို့တွင်လည်း ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများအား အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးတိုင်းဒေသကြီးအပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)တို့တွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပခုက္ကူဈေးကွက်အတွင်း ပန်းသီးများ ဖြိုင်ဖြိုင်ဝင်နေဆဲ

ပခုက္ကူ မေ ၂၂

တရုတ်ပြည်မကြီးမှ ပန်းသီးများ သင်္ကြန်အကြိုကာလတိုင်အထိ ဖြိုင်ဖြိုင်ဝင်နေဆဲဖြစ်ပြီး ဈေးနှုန်းလည်း ချိုသာနေကြောင်း သိရသည်။ ယခုနှစ်က တရုတ်ပန်းသီးရာသီမရွေး ဝင်နေပါတယ်။ ဈေးနှုန်းကလည်း ချိုတော့ ရောင်းအားလည်း ကောင်းပါတယ်ဟု ပခုက္ကူမြို့မဈေးသည်တစ်ဦးက ပြောသည်။ ပခုက္ကူမြို့မဈေးကွက်တွင် ရောင်းအားကောင်းနေသော ပန်းသီးဈေးမှာ အကြွတ်၊ အပွဈေးတူဖြစ်ပြီး အကြီး ငွေကျပ် ၃၀၀၊ ၂၅၀၊ အနိမ့်ဆုံး ငွေကျပ် ၁၀၀ ရှိသည်။ ချင်းပြည်နယ်မှ ပန်းသီးများသည်လည်း ပခုက္ကူဈေးကွက်သို့ စတင် ထိုးဖောက်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"ပခုက္ကူကို မန္တလေးကတစ်ဆင့်ဝင်တာပါ။ ဝါဝင်ကာလကတော့ ရောင်းအားအကောင်းဆုံးပါပဲ" ဟု ဈေးသည်တစ်ဦးကလည်း ပြောသည်။ ပန်းသီးဖျော်ရည်ကို ပုံမှန်သောက်သုံးပေးပါက အသက်အရွယ်ရလာသည့်တိုင် အသားအရေတွန့်ခြင်း၊ အယ်လ်ဇိုင်းမားရောဂါဖြစ်ခြင်းတို့ကို ကာကွယ်ပေးသည်။ ပန်းသီးဖျော်ရည်တွင် ကယ်လ်ဆီယမ်ဓာတ်အပါအဝင် အခြားသော ဓာတ်ပေါင်းများက ခန္ဓာကိုယ်အရေပြားဆဲလ်များနှင့် တစ်ရှူးများကို ထာဝစဉ်သန်စွမ်းဖွံ့ဖြိုးရန် အထောက်အကူပြုသည်။ ဦးနှောက်တွင်းပျက်စီးသွားသော ဆဲလ်များကို ဖယ်ရှားနိုင်သည့်အပြင် ဆဲလ်ပျက်စီးမှုများကို အကာအကွယ်ပေးလျက် ဦးနှောက်ကြောများ လန်းဆန်းစေပါသည်။ ပန်းသီးဖျော်ရည်အား တစ်ပတ်လျှင် သုံးကြိမ်ခန့် သောက်သုံးပါက အသက်အရွယ်ရလာသည့်အခါ အရေပြားပေါ်တွင် ဖြစ်တတ်သည့် ရောဂါများ ဟန့်တားကာကွယ်နိုင်ပြီး စိတ်ကျန်းမာရေးကို အထောက်အကူပြုစေကြောင်း ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

နေဦးမောင်(ပခုက္ကူ)

မီးဘေးသင့်သူများအတွက် လှူဒါန်း

မန္တလေး မေ ၂၂

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သမ္ပဝတီချိုပါရပ်ကွက်ရှိ မီးဘေးသင့်အိမ်ထောင်စု ၁၅ စုအား ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ ပန်းကန်နှင့် အခြားလိုအပ်သောပစ္စည်းများကို မေ ၂၀ ရက် နံနက် ၁၀ နာရီက မန်းချစ်သူ ၅၄ အွန်လိုင်းပရဟိတကွန်ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်ထူး

မီးသုံးစွဲလျှင် သတိယှဉ် အာစဉ်သတိ အမြဲရှိ

မြန်မာ့အလင်းသတင်းစာနှစ်တစ်ရာပြည့်ကို ကြိုဆိုပါ၏

၂၀၁၃ ခုနှစ် ဧပြီလ ၁၇ ရက်နေ့သည် မြန်မာသက္ကရာဇ် ၁၃၇၄ခုနှစ်မှ ၁၃၇၅ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ၁၂၇၅ ခုနှစ်တွင် စတင်တည်ထောင်သည့် မြန်မာ့အလင်းသတင်းစာ၏ သက်တမ်းမှာ ၁၃၇၅ခုနှစ်တွင် နှစ် ၁၀၀ အတွင်း ဝင်ရောက်လာခဲ့ပြီဖြစ်သည်။ ၁၃၇၅ ခုနှစ်သည် မြန်မာ့အလင်းသတင်းစာ နှစ်တစ်ရာပြည့်သဘင်ပွဲကြီး ဆင်နွှဲကျင်းပရမည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနှစ်ဖြစ်သည်။

ကြုံတောင့်ကြုံခဲ

နှစ်တစ်ရာပြည့် အခမ်းအနား(ရာပြည့်သဘင်)ဆိုသည်မှာ လူသားတစ်ယောက်အနေဖြင့် ကြုံတောင့်ကြုံခဲ အလွန်ထူးခြားသည့်ကိစ္စတစ်ခုဖြစ်သည်။ ထို့ကြောင့် မြန်မာ့အလင်းနေ့စဉ်သတင်းစာ တည်ထောင်သည့် နှစ်တစ်ရာပြည့်ပွဲသဘင်ကြီးအား မည်သို့မည်ပုံထူးခြားစွာ စီစဉ်ကျင်းပသွားမည်ကို အထူးစိတ်ဝင်စားစွာ ကြိုဆိုမျှော်လင့်နေမိသည်။ မြန်မာ့အလင်းသတင်းစာ၏ နှစ်တစ်ရာပြည့် ၁၃၇၅ခုနှစ်ကို လူမသိ သူမသိ တိုးတိုးတိတ်တိတ်နှင့်ကျော်ဖြတ်သွားမှာကိုလည်း စိုးရိမ်နေမိသည်။ ယခုအချိန်အထိ မြန်မာ့အလင်းရာပြည့်သဘင်ပွဲနှင့်ပတ်သက်၍အကြောင်းတစ်စုံတစ်ရာမျှ မကြားမသိရသေးသည့်အတွက်လည်း စိတ်ပူနေမိသည်။

နှစ်တစ်ရာပြည့်

မြန်မာ့အလင်းရာပြည့်သဘင်ပွဲကြီးကို မည်သို့မည်ပုံ ထူးခြားဆန်းပြားစွာ ကျင်းပကြမှာပါလိမ့်။ မြန်မာ့အလင်း နှစ်တစ်ရာပြည့်အထိမ်းအမှတ်မှတ်တမ်းစာအုပ်ကြီးများ ထုတ်ဝေမှာလား၊ ဒါမှမဟုတ် မြန်မာ့အလင်းနှစ်တစ်ရာပြည့် အထိမ်းအမှတ်အနေနဲ့ တနင်္ဂနွေနေ့တိုင်း အထူးထုတ်သတင်းစာအဖြစ် ၁၃၇၅ ခုနှစ် တစ်နှစ်လုံးထုတ်ဝေပေးကြမှာလား။ မြန်မာ့အလင်းသတင်းစာ နှစ်တစ်ရာပြည့် စာတမ်းဖတ်ပွဲတွေ လုပ်မှာလား။ ဝတ္ထု၊ ကဗျာ၊ သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံပြိုင်ပွဲတွေ လုပ်မှာလားစသည်ဖြင့် စိတ်ကူးယဉ်အိပ်မက်များလည်း မက်နေမိသည်။

ကောင်းညွန့်ဝေ (ရေစကြို)

မည်သို့ပင်ဖြစ်စေ မြန်မာ့အလင်းနေ့စဉ်သတင်းစာ ရာပြည့်သဘင်ပွဲကြီးကို သတင်းစာချစ်သူ တစ်ဦးအနေဖြင့် ကြုံတောင့်ကြုံခဲ ပါဝင်ဆင်နွှဲလိုသောဆန္ဒများက ရင်မှာပြည့်လို့နေသည်။ တစ်ခုထူးခြားသည်မှာ မြန်မာ့အလင်းသတင်းစာ နှစ်တစ်ရာပြည့်သည့်အခါကာလတွင် နိုင်ငံတော်မှ ပုဂ္ဂလိကသတင်းစာများကို ထုတ်ဝေခွင့်ပြုလိုက်သည်မှာလည်း ထူးခြားသော တိုက်ဆိုင်မှုတစ်ခုဖြစ်သည်။ နှစ်တစ်ရာပြည့် ဘိုးသက်ရှည် မြန်မာ့အလင်းသတင်းစာကြီးသည် မျိုးဆက်သစ်သတင်းစာများနှင့် မျိုးဆက်သစ်သတင်းစာဆရာများအား မြန်မာ့အလင်းသတင်းစာနှစ်တစ်ရာပြည့် အတွေ့အကြုံများ၊ အသိအမြင်များကို နှစ်တစ်ရာပြည့်အထိမ်းအမှတ် လက်ဆောင်အဖြစ်ပေးဝေစေလိုသည်။

စာရေးသူကဲ့သို့ပင် မြန်မာ့အလင်းသတင်းစာရာပြည့် သဘင်ပွဲကြီးကို ဆင်နွှဲရန်ကြိုဆိုမျှော်လင့်နေကြမည့် သတင်းစာချစ်သူအများအပြားရှိနေမည်မှာ အမှန်ဖြစ်သည်။ ယနေ့ခေတ်သည် သတင်းခေတ်ကြီးဖြစ်၍ နှစ်တစ်ရာပြည့် သတင်းစာကြီးကိုလည်း သတင်းချစ်သူများက ဝိုင်းဝန်းကြိုဆိုဂုဏ်ပြုလိုကြပါလိမ့်မည်။ မျိုးဆက်သစ်သတင်းစာများ မျိုးဆက်သစ်သတင်းစာဆရာများကလည်း သက်တမ်းရင့်နှစ်တစ်ရာပြည့် ဘိုးသက်ရှည် မြန်မာ့အလင်းသတင်းစာကြီးကို ကြိုဆိုဂုဏ်ပြုကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ထူးထူးခြားခြားရှားရှားပါးပါး သက်တမ်းရင့်နှစ်တစ်ရာပြည့် ဘိုးသက်ရှည် မြန်မာ့အလင်းသတင်းစာကြီး၏ ရာပြည့်သဘင်ပွဲကြီးကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ဂုဏ်ယူဝင့်ကြွားစွာ ထည်ထည်ဝါဝါခမ်းခမ်းနားနားဆင်ယင်ကျင်းပပေးနိုင်ပါရန် သက်ဆိုင်ရာတာဝန်ရှိသူ လူကြီးမင်းအပေါင်းတို့အား သတင်းစာချစ်သူတစ်ဦးအနေဖြင့် လေးစားစွာ တင်ပြလိုက်ရပါသည်။

မေ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သက်ကြီးအဘိုးအဘွားများကို ခရိုင်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်သီတာလွင်က ပူဇော်ကန်တော့ကြပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများကို တစ်ဦးချင်းစီအလိုက် ဂါရဝပြုလှူဒါန်းစဉ်။ (၁၂၂)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်းယှဉ်ပြိုင်

ကောလင်း ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ဧပြီ ၁၉ရက် နံနက် ၁၀နာရီက (၁၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အဆင့်ပြိုင်ပွဲတွင် မူလတန်းအဆင့် ကာတွန်းပထမဆု မောင်ဗညားကျော်(တောင်အင်းအမက)၊အလယ်တန်းအဆင့်ပန်းချီပထမဆု မောင်ရန်ရှင်း(အလက)၊ ဒုတိယဆု မောင်သက်နိုင်ထွန်း(အလက)၊တတိယဆု မောင်အောင်ဇော်မျိုး (အထက)၊ အလယ်တန်းအဆင့်(ကာတွန်း) ပထမဆုမောင်လင်းလက်ကို(အလက)၊ မောင်ကျော်ဇင်(အထက)၊ မောင်ထက်နိုင်အောင်(အထက)၊အထက်တန်းအဆင့် (ပန်းချီ) ပထမ ဆုမောင်ဇော်မင်းပိုင်၊ အထက်တန်းအဆင့် (ကာတွန်း) ပထမဆု မောင်ခန့်ထက်တို့ ရရှိကြောင်းသိရသည်။ **(ဝ၉၂)**

ကျောက်မဲရေအခက်ကြုံသူများသို့ စေတနာရှင်များ ရေပေးဝေ

ကျောက်မဲ ဧပြီ ၂၂

ယခုရက်ပိုင်းအတွင်း ကျောက်မဲမြို့ ရပ်ကွက်အချို့ရှိ ရေတွင်းများ ရေလျော့နည်းခန်းခြောက်သွားခြင်း၊ ကျောက်မဲကြီး ရေထွက်စမ်းအပါအဝင် စမ်းရေထွက်များ လျော့နည်းကျဆင်းသွားခြင်းတို့ကြောင့် ကျောက်မဲမြို့ပေါ်ရပ်ကွက်အချို့ရှိ ပြည်သူများ သောက်သုံးရေအခက်အခဲများဖြင့် ကြုံတွေ့နေကြရသည်ဟု သိရသည်။

စက်ရေတွင်းပိုင်ရှင်များက မိမိတို့၏ စက်ရေတွင်း၌ မည်သူမဆို အချိန်မရွေး ရေလာရောက်ခပ်ယူနိုင်ရန် ရေပေးဝေလှူဒါန်းကြသည်။ အချို့စေတနာရှင်များကလည်း ရေအခက်အခဲကြုံတွေ့နေသော ရပ်ကွက်များသို့ ရေတင်မော်တော်ကားများဖြင့် လှည့်လည်သွားရောက် ရေပေးဝေလှူဒါန်းကြသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

ကျွန်မတို့ အင်ကြင်းတောင်ရပ်ကွက်နှင့် မိုင်းငေါ့ကွက်သစ်တို့တွင် ကျောက်မဲကြီးရေထွက်စမ်းမှ ရေမရသဖြင့် ရေအခဲအခက်ကြုံတွေ့နေရစဉ် ယခုကဲ့သို့ စေတနာရှင်များက ရေလာရောက်ပေးဝေလှူဒါန်းသဖြင့် ဝမ်းမြောက်မိကြောင်း၊ အခုလို အဖြစ်မျိုး တစ်ခါမျှ မကြုံဖူးကြောင်း၊ ပြည်သူတွေကို သစ်ပင်မခုတ်ဖို့၊ သစ်ပင်စိုက်ပျိုးဖို့ ယခုထက်ပိုမိုပညာပေးသင့်ကြောင်းဖြင့် ကျောင်းဆရာမ ဒေါ်ခင်သန်းကြူက ပြောကြားသွားသည်။ ၁၂ ဘီးကားပေါ်တွင် မိုးကာခင်း ရေထည့်ပြီး ရေပေးဝေလှူဒါန်းနေသော ပန်ဟပ်ရပ်ကွက်နေ မော်တော်ယာဉ်ပိုင်ရှင် ကိုစိုးကလည်း ယခုလို ရေအခက်အခဲကြုံတွေ့နေသူများကို ရေပေးဝေလှူဒါန်းနေသည်မှာ ငါးရက်ရှိပြီဖြစ်ကြောင်း၊ တစ်နေ့ လေး၊ ငါးခေါက်ပေးဝေကြောင်း၊ ယခုလို ရေလိုနေသူများကို ရေပေးဝေလှူဒါန်းရခြင်းအတွက် ဝမ်းမြောက်ပီတိဖြစ်ရကြောင်း ရေအလှူရှင် ကိုစိုးက ရင်တွင်းပီတိစကားများကို ဆိုသွားသည်။

မောင်မောင်



ခင်ဦးမြို့နယ်၌ပေါ့ဆမီးကြောင့် အိမ်ခြေ ၇၅ လုံး မီးလောင်ဆုံးရှုံး

ခင်ဦး ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာအုပ်စု ချောင်းစုံကျေးရွာ၌ ပေါ့ဆမီးကြောင့် မိမိနေအိမ်မှတစ်ဆင့် ပတ်ဝန်းကျင်ရှိ လူနေအိမ် ၇၅ လုံး ကူးစက်လောင်ကျွမ်းကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၁ရက် မွန်းလွဲ ၁၂နာရီ ၃၅မိနစ်တွင် မဘီဘီစက်ချုပ်ရင်းမီးကြွေကို အဟောင်းအသစ်လဲပြီး ဆက်လက်၍ စက်ချုပ်နေစဉ် နေအိမ်မီးဖိုထဲ၌ သွန်ထားခဲ့သော မီးခဲမှတစ်ဆင့် နေအိမ်ကို စတင်မီးလောင်ကြောင်း သိရှိသည်။

အဆိုပါ မီးလောင်မှုကြောင့် အိမ်ခြေ ၇၅ အိမ်၊ အိမ်ထောင်စု ၇၅ စု၊ ၁၂ နှစ်အထက် ကျား ၁၁၂ ဦး၊ မ ၁၄၆ ဦး စုစုပေါင်း ၂၅၈ ဦး၊ ၁၂ နှစ်အောက်ကျား ၄၀၊ မ ၃၉ ဦး စုစုပေါင်း ၇၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားသည်။

မီးလောင်ရာသို့ ခရိုင်ရဲမှူး၊ ခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သန်းဝင်း၊ မြို့နယ်ရဲစခန်းမှူး ရဲအုပ်ရဲခေါင်မြင့်၊ ရေဦး၊ ရွှေဘို၊ ဇီးကုန်း(ကန့်ဘလူ)တို့မှ မီးသတ်ကားများ၊ ရွာသူ ရွာသားများဝိုင်းဝန်းကူညီမှုဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ မီးဘေးဒုက္ခသည်များအား ထမင်းထုပ်များ လာရောက်ဝေငှကြောင်း သိရှိရသည်။

ရောင်နီတင်ဝင်း

ပြည်တွင်းသတင်း

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေသည့် အိမ်ခြံမြေဈေးမြင့်မားမှု

ခင်ရတနာ

ရန်ကုန် မေ ၂၂

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သကြ်န်အပြီး၌ ဖွံ့ဖြိုးလာရန် အလားအလာကောင်းများ ရှိသော်လည်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုအပိုင်းများတွင် အဆမတန်ဈေးနှုန်းမြင့်မားလာမှုသည် ဟန့်တားမှုတစ်ရပ်ဖြစ်နေကြောင်း ရင်းနှီးမြှုပ်နှံလိုသူ စီးပွားရေးပညာရှင်များက အကြံပြုကြသည်။

ပြည်တွင်း၌ အပြောင်းအလဲများ ဆက်တိုက်ဖြစ်ပေါ်လာခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု၏ ပင်မအရင်းအမြစ်ဖြစ်သည့် ရုံးခန်း၊ စက်ရုံစသည့် ရပ်တည်နိုင်စရာမြေနေရာနှင့် အိုးအိမ်ကဏ္ဍသည် မရှိမဖြစ်လိုအပ်သကဲ့သို့ ဈေးနှုန်းမြင့်မားခြင်းနှင့် ခိုင်မာသည့်ပိုင်ဆိုင်မှု ရရှိရန်လိုအပ်ခြင်းတို့သည်လည်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူ စီးပွားရေးသမားများ သတိထားနေသည့် အချက်တစ်ခုဖြစ်နေကြောင်း မြန်မာ့စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာမျိုးချစ်က အကြံပြုပြောကြားသည်။

ယနေ့ အိမ်ခြံမြေနှင့်ကွန်ဒိုဈေးကွက်များ၌ အနည်းငယ်အဝယ်ရှိလာပါက ဈေးနှုန်းများ သုံးဆမှ ၁၂ ဆအထိ ခုန်တက်မှုများဖြစ်ပေါ်ခဲ့ပြီး မငြိမ်မသက်ဈေးနှုန်းများကြောင့် လုပ်ငန်းရှင်အများအပြားအခက်အခဲဖြစ်စေကြောင်း သိရှိရသည်။

"ဈေးတွေက သင်္ကြန်ပြီးပေမယ့် ထင်ထားသလို ပြန်မကျပါဘူး။ လက်ရှိမှာ ဒေါ်လာဈေး၊ ရွှေဈေး နှစ်မျိုးလုံး အကျဘက်ကို ဦးတည်နေတဲ့အတွက် အများစုက အိမ်ခြံမြေကို ပိုပြီးရွေးချယ်လာတဲ့သဘောဖြစ်ပါတယ်။ အရင်က တိုက်ခန်း စုဆောင်းဝယ်ယူသူတွေက ရိုးရိုးတိုက်ခန်းကနေ ကွန်ဒိုပိုင်ဆိုင်ဖို့ ငွေစုလာကြတယ်။ အခုခေတ်မှာ ကွန်ဒိုရင်းနှီးမြှုပ်နှံတာက ရေရှည်အကျိုးရှိတယ်လေ။ ပြည်ပအကျိုးဆောင်တွေကလည်း ဆက်သွယ်ကြတာရှိတယ်။ နိုင်ငံခြားသားတွေအတွက် လုံးချင်းအိမ်ရာတွေနဲ့ ကွန်ဒိုတွေ မေးမြန်းတာများတယ်။ လုပ်ငန်းလုပ်ကိုင်ဖို့အတွက် ငှားရမ်းမှုတွေကတော့ အခုအချိန်မှာ အငှားများတယ်။ အဝယ်ကတော့ ကြိုက်ရောင်းကြိုက်ဝယ် အဆင့်ပဲရှိတယ်။ နိုင်ငံခြားသား စီးပွားရေးသမားတွေက ဝယ်ယူမှုထက် ငှားရမ်းမှုပိုများတယ်။ သူတို့အတွက် အာမခံချက်မရှိဘူးလို့ ယူဆကြတဲ့ အယူအဆကို ဖျောက်ပစ်နိုင်မှ ဝယ်ကြမယ်နဲ့တူတယ်။ အခုအချိန်မှာ စက်မှုဇုန်အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပစ်မှတ်ထားတဲ့ နေရာတွေမှာ ပြည်တွင်း စီးပွားရေးသမားတွေက ကြိုပြီး ဝယ်ယူထားကြပါတယ်။ အဲဒီတော့ အိမ်၊ ခြံ၊ မြေဈေးကွက်မှာ ဈေးနှုန်းတွေက တစ်နှစ်အတွင်း သုံးဆမက တက်ကုန်ရတာပါပဲ။ အများဆုံး ဈေးတက်ကြတဲ့နေရာတွေကတော့ ဘယ်သူမှမထင်မှတ်ထားတဲ့ မြို့စွန်က နေရာတွေဖြစ်ပါတယ်။ သာမန်လူတန်းစားတွေက မူလ ၁၀ သိန်းတန်မြေကွက်တစ်ခုကို ရလို့ပြီ အောက်မေ့နေပေမယ့် နားလည်တဲ့ စီးပွားရေးသမားကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုမျှော်ပြီး ကျပ်သိန်း ၁၀၀ ခေါ်တော့ အနီးအနားက မြေကွက်တွေပါ ဈေးလိုက်တက်နဲ့ နောက်ဆုံးမြေပိုင်ရှင်တွေက ဈေးတွေ ကြိုက်သလိုခေါ်ရင်းနဲ့ ဈေးက ထိန်းမရအောင် တက်ရခြင်းဖြစ်ပါတယ်။ ဈေးတွေက မြင့်သလောက် ဝယ်သူမရှိပါဘူး"ဟု အိမ်ခြံမြေ အကျိုးဆောင် ကိုကျော်မြင့်ဌေးက ပြောကြားသည်။

Myanmar Crop Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချောစုခိုင်က "ကျွန်မတို့ရဲ့ အခက်အခဲက အိမ်ခြံမြေကဏ္ဍဖြစ်နေတယ်။ သူ့ဆီမှာ အများကြီး ငွေပင်ငွေရင်းထည့်ရတဲ့အတွက် လုပ်ငန်းပိုင်းမှာ ငွေကြေးသုံးစွဲမှု ချွေတာရတာရှိတယ်။ ပြောရမယ်ဆိုရင် စီးပွားရေးသမားဆိုတာ ကိုယ်ရင်းထားတဲ့ အရင်းအနှီးနဲ့ထက်ဝက်မကအကျိုးအမြတ်ကို ခံစားချင်ကြတယ်။ အခုမြန်မာနိုင်ငံမှာက ကျပ်သိန်း ၁၀၀၀ ရင်းလို့ ကျပ်သိန်း ၅၀၀ ပြန်ရအောင်ရှာဖို့အတွက် အခက်အခဲက အိမ်ခြံမြေအပိုင်းမှာ သွားပြီးခံနေတယ်။ အငှားလုပ်ဆောင်ရတဲ့အတွက် ပေးလိုက်ရတဲ့ ငှားရမ်းခတွေက မလိုအပ်ဘဲ cost တွေအရမ်းများတယ်။ အဲဒီအတွက် ဈေးနှုန်းကို စနစ်တကျထိန်းချုပ်ပေးဖို့ လိုအပ်နေပြီ" ဟု မြန်မာ့အလင်းသို့ ပြန်လည်ဖြေကြားသည်။

မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားသူ စီးပွားရေးသမားအများစု၌ အကြမ်းအားဖြင့် ရေရှည် လုပ်ငန်းလုပ်ကိုင်လိုသူများမှာ အိမ်ခြံမြေဝယ်ယူရန် စိတ်ဝင်စားကြပြီး လက်ရှိတွင် research များပြုလုပ်လျက်ရှိနေကာ အများစုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၏ အကျိုးဆက်နှင့် ရပ်တည်မှု၊ ချည်နှောင်မှုများအား လေ့လာနေဆဲဖြစ်ကြောင်း ပါမောက္ခဒေါက်တာ မျိုးချစ်က ပြောပြသည်။

"အိမ်ခြံမြေဈေးကွက်က သင်္ကြန်ပြီးပေမယ့်လည်း ပုံမှန်ပါပဲ။ အငှားများတယ်။ အရောင်းအဝယ်လည်း ရှိပါတယ်။ လက်ရှိမှာ ကွန်ဒိုတွေ ဆက်တိုက်အရောင်းအဝယ်ဖြစ်တယ်။ လုံးချင်းပိုင်းမှာတော့ အိမ်ရာတွေက တိုက်တွေအလုပ်ဖြစ်တယ်။ ကွန်ဒိုက ကျပ်သိန်း ၇၀၀နဲ့ အထက်တွေနဲ့ လုံးချင်းက ကျပ်သိန်း ၃၀၀၀ ကနေ ၇၀၀၀ကြားတွေ အရောင်းအဝယ်ဖြစ်တာ။ စက်မှုဇုန်တွေမှာတော့ အရောင်းထက် အငှားတွေများတယ်။ ပွဲမဖြစ်သေးပေမယ့် လာကြည့်သူကတော့ တစ်လကို ၂၀လောက်ရှိမယ်။ နိုင်ငံခြားစက်ရုံတွေ လာထောင်ဖို့ ကမ်းလှမ်းတာတွေများပေမယ့် ဒီမှာ စက်မှုဇုန် လုပ်ငန်းရှင်တွေကလည်း အကျိုးတူပူးပေါင်းမလား။ သူတို့ ငှားလိုတဲ့ ဈေးနဲ့ငှားမလားဆိုပြီး တင်းခံတာမျိုးတွေများနေတယ်။ အစိုးရကတော့အိမ်ခြံမြေ ဈေးကွက်တည်ငြိမ်လာအောင်ထိန်းသင့်တယ်။ လက်ရှိမှာလည်း အိမ်ခြံမြေဝန်ဆောင်မှု အသင်းဖွဲ့ထားပြီး အတတ်နိုင်ဆုံးတော့ ထိန်းထိန်းသိမ်းသိမ်းလုပ်နေပါတယ်။ အကျိုးဆောင်တွေ ခန့်မှန်းတာကတော့ ဈေးနှုန်းကို ကန့်သတ်ဖို့ဆိုတာမျိုးထက်၊ အိမ်ခြံမြေနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ အခွန်အခတွေ၊ ပိုင်ဆိုင်မှုတွေကို Stable ဖြစ်အောင်လုပ်ပေးသင့်တယ်လို့ မြင်ပါတယ်။ ဈေးကတော့ အဝယ်ရှိရင်တက်မှာပဲ၊ ဒါပေမယ့် ခိုင်မာမှု၊ ရေရှည်တည်တံ့မှုနဲ့ ပိုင်ဆိုင်မှု အငြင်းပွားမှုမရှိအောင် ကန့်သတ်ပေးလိုက်မယ်။ တစ်ဖက်ကလည်း တန်ဖိုးနည်းအိမ်ရာတွေ ဖော်ဆောင်နေမှုဟာ ပြည်သူလူထုနဲ့ တစ်သားတည်း ကျသွားခဲ့မယ်ဆိုရင် နိုင်ငံခြားသားတွေအတွက် ရင်းနှီးမြှုပ်နှံရာမှာ ပိုပြီးစိတ်ဝင်စားလာနိုင်ပါတယ်"ဟု ကိုကျော်မြင့်ဌေးက ပြောပြသည်။

ရမည်းသင်းမြို့၌ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်

ရမည်းသင်း မေ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာကျောင်းကော်မတီက ဦးစီးကျင်းပသည့် ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာ သင်တန်းဖွင့် ပွဲကို မေ ၂၁ရက် နံနက်စနာရီက ရမည်းသင်းမြို့ ရန်အောင်မြင် သာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် သင်တန်းမှူး မြို့နယ် သံဃနာယကအကျိုးတော်ဆောင် စာချဆရာတော် ဦးစန္ဒောဘာသက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ဩဝါဒပေးသည်။ ၎င်းနောက် ယဉ်ကျေးမှုလိမ္မာကျောင်း ဥက္ကဋ္ဌ ဦးသိန်းထန်က သင်တန်းစည်းကမ်းနှင့်လုပ်ငန်းစဉ်များ ရှင်းလင်း ပြောကြားပြီး ကျောင်းသားကျောင်းသူများအား စာအုပ်၊ ဘောပင်များ အခမဲ့ဝေငှသည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

(၀၁၁)

ကသာမြို့နယ်၌ ဒုလ္လဘရဟန်းခံသူ များပြားလာ

ကသာ မေ ၂၃

ကသာမြို့နယ် အမှတ် ၅ရပ်ကွက် မိုးကုတ်ရိပ်သာ သာသနာပြုတရားစခန်းကျောင်းတိုက်အတွင်း သင်္ကြန်ကာလ (၉၅)ကြိမ်မြောက် တရားစခန်းကျင်းပရာ ဒုလ္လဘရဟန်းခံ ယခု ၁၀ရက် တရားစခန်းဝင်သူများမှာ သင်္ကြန်ဒုလ္လဘရဟန်းအပါးပေါင်း ၂၃၀ ကျော်အထိ ဦးရေတိုးခဲ့သဖြင့် မြို့ပြကျေးရွာများမှ ဒါယိကာ၊ ဒါယိကာမများက မိမိတို့စွမ်းဆောင်တတ်နိုင်သည့်ဘက်မှ လှူဒါန်းကြကာ ဒုလ္လဘရဟန်းခံသူများအပြင် ဥပုသ်သီလတည်သူများ၊ တရားစခန်းဝင်သူများ ပိုမိုများပြားခဲ့ကြောင်း သိရှိရသည်။

ငွေအိုး(ကသာ)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

- (က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။
- (ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
- (ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ် ၁၃ရှိ တိုက်ခန်းပိုင်ရှင်များဖြစ်ကြသော ဦးကြူမြင့်နှင့် ဒေါ်မြင့်မြင့်မူတို့သိစေရန်

လူကြီးမင်းတို့ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ် ၁၃ဟုခေါ်တွင်သောတိုက်၏ ပထမထပ်ရှိ အလျား×အနံပေ(၅၀×၂၅)ပေရှိ လူနေတိုက်ခန်းအပါအဝင် အဆိုပါတိုက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချရန် လူကြီးမင်းတို့၏ ကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဘိုကလေးမြို့နေ ဒေါ်သိန်းသိန်းတိုးက ကာလတန်ဖိုးငွေ ၆၀၀၀၀၀၀၀ိ/-(ကျပ်သိန်းခြောက်ရာတိတိ)ဖြင့် ဝယ်ယူရန်သဘောတူခဲ့ပြီးနောက် တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် ချုပ်ဆိုလျက် စရန်ငွေအဖြစ် ငွေ ၃၃၀၀၀၀၀ိ/- (ကျပ်သိန်းသုံးရာ့သုံးဆယ်တိတိ)ကိုပေးချေ၍ ကျန်ငွေအား ဆက်လက်ပေးချေပြီး အဆိုပါတိုက်ခန်းအား လက်ရောက်လွှဲပြောင်းရယူရန်အတွက် လူကြီးမင်းတို့ထံ ဆက်သွယ်ဆောင်ရွက်သည့်အခါတွင် လူကြီးမင်းတို့အား မည်သို့မျှ စုံစမ်းဆက်သွယ်၍ မရတော့ဘဲ ရှောင်တိမ်းနေသည်ဟု စုံစမ်းသိရှိရသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားသည့် တိုက်ခန်းကိုလည်း အခြားသူထံသို့ လွှဲပြောင်းပေးအပ်ထားကြောင်း စုံစမ်းသိရှိခဲ့ရကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်ပါအတိုင်း လူကြီးမင်းတို့ဘက်မှ ဆောင်ရွက်ပေးရန်ရှိသည်များကို ပြီးဆုံးပြေလည်အောင် လာရောက်ဆောင်ရွက်ပေးပါရန်နှင့် ပျက်ကွက်ပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိန်းသိန်းတိုး၏ နစ်နာနေမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဒေါ်သိန်းသိန်းတိုး ၁၄/ကပန(နိုင်)၁၁၆၅၆၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘဝင်း LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၄၁)
အမှတ် ၁၅၂၊ ကမ်းနားလမ်း၊ (၁)ရပ်ကွက်၊ ဘိုကလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးခြင်း

ဦးရဲထွန်း ၁၄/ပသန(နိုင်)၁၄၉၈၄၇ ပိုင် ယာဉ်အမှတ် ၃ဃ/၄၅၄၄ Toyota Hilux Surf S/W (4x4)R ၏ ယာဉ်မှတ်ပုံတင် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမြို့မြို့အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

REDLINK

Vacancy Announcement
(Local Service Only)

We are one of the leading companies in Information & Communications Technology sector in Myanmar. Now we are searching new staff for REDLINK and its subsidiaries who are looking to join a dynamic company with excellent growth respect. We offer right candidate with good remuneration package and have a chance for future career development. We are looking for qualified and talent applicants to fill the following positions which work located at Yangon. Applicant who is qualified to selection will be reward by Attractive Salary.

(1)ASSISTANT GENERAL MANAGER/ MANAGER M/F (2)Posts
(HUMAN RESOURCES DEPARTMENT)
(2)MANAGER M/F (1)Post
(BUSINESS DEVELOPMENT DEPARTMENT)
(3) SENIOR ENGINEER M (1) Post
(4) JUNIOR ENGINEER/ASSISTANT ENGINEER & EXECUTIVE ENGINEER M(8) Posts
(5) ASSISTANT MANAGER/ SUPERVISOR M(1) Post
(ADMINISTRATION DEPARTMENT)
(6)GRAPHIC DESIGNER M(1) Post
(7)FIXED ASSETS ACCOUNTANT F(3) Posts
(8)INVENTORY CONTROLLER F(3) Posts
(9)PURCHASER(LOCAL/FOREIGN) M(2)Post
(10)CASHIER F(3) Posts

Applicant who is interested in above mentioned positions should submit detail experience with recent photo, a copy of NRC, labor registration card, necessary certificates, expected salary to HR Department, RedLink Communications Co., Ltd. NO. (20) ,Building (B), Mya Yeik Nyo Royal Hotel, Pale Road, Bahan Township, Ph: 551162-64 within 2 weeks. Only those who meet above mentioned requirements will be called for interview.

သီပေါမြို့မှ ထုတ်ဝေခဲ့သည့် ရတနာသီဟသတင်းစာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့သည် ဘာသာ၊ သာသနာနှင့် စာပေ ယဉ်ကျေးမှုကြီးမားခဲ့သော မြို့ဖြစ်သည်နှင့်အညီ ပဒေသရာဇ်ခေတ်လယ်ပိုင်းက နှစ်ပေါင်း ၄၀ ကျော် ကြာမြင့်သည့် ကာလညီး မြန်မာစာပေဖြင့် ရတနာသီဟ အမည်ရှိ သတင်းစာတစ်စောင်ကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

အဆိုပါ ရတနာသီဟသတင်းစာတွင် ဆရာဦးသိန်းဖေမြင့်၊ ဆရာဒဂုန်တာရာ စသည့် နိုင်ငံကျော်စာရေးဆရာကြီးများကိုယ်တိုင် ပါဝင်ရေးသား ကလောင်သွေး သွားခဲ့ကြသည်ဖြစ်၍ စာပေသမိုင်း၊ စာပေစင်မြင့်အတွက် လှေကားထစ်လေး တစ်ခု ဖြစ်ခဲ့ပေသည်။

ရတနာသီဟသတင်းစာခရီးအစ

စော်ဘွားကြီး ဆာစောချယ်၏ သားတော် စော်ဘွားစောကြာအုံ လက်ထက်တွင် သီပေါမြို့ လိမ္မော်ကုန်သည်ကြီး ဦးစံရာသည် ရန်ကုန်မှ ရရန်ရှိသော ကြွေးမြီအတွက် စာပုံနှိပ်စက်တစ်လုံးကို ယူဆောင်လာကာ သီပေါဈေးကြီး၏ မြောက်ဘက်ရှိ ၎င်း၏အိမ်တွင် ရတနာသီဟဟူသော စာပုံနှိပ်စက် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ **(အောက်ပုံ)**

စမ်းသပ် ထုတ်ဝေမှုအနေဖြင့် ပြည်မမှ ရှမ်းပြည်နယ်သို့ တိမ်းရှောင်လာသော ဂျွန်ဆရာစံ၏ လှုပ်ရှားမှုများကို သတင်းအဖြစ်ရေးသားပြီး စာမျက်နှာ ၁၀ မျက်နှာရှိ ခေါင်းစဉ်အမည်မပါသော နှစ်ပြားတန်စာစောင်ကို နေ့စဉ်ထုတ်ဝေဖြန့်ချိခဲ့ပြီး တစ်လအကြာ စော်ဘွားကြီး စောကြာအုံ၏ ငွေကြေးထောက်ပံ့အားပေးမှုကြောင့် "ရတနာသီဟ"စာပုံနှိပ်စက်မှ ဝန်ထမ်း ဦးရေ တိုးမြှင့်ခန့်ထားပြီး ဖြူးမြို့သား ဒါရိုက်တာ၊ စာရေးဆရာ ဆရာမြင့်အား အယ်ဒီတာအဖြစ် ခေါ်ယူကာ "ရတနာသီဟ" သတင်းစာကို ၁၂၉၃ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၁) ရက်နေ့တွင် ဦးစံရာ စာပုံနှိပ်တိုက်မှ စာမျက်နှာ ၁၂ မျက်နှာ ရောင်းဈေး ငါးပြားသတ်မှတ်လျက် ငါးရက်တစ်ကြိမ် ထုတ်ဝေခဲ့သည်။

ထိုသို့ "ရတနာသီဟ"ဟု အမည်နာမပြုလျက် သတင်းစာအဖြစ် တိုးမြှင့်ထုတ်ဝေရာတွင် ဆရာစံ၏သတင်းများသာမက ကုန်ဈေးနှုန်းသတင်း၊ ရှမ်းကလေးပျော်တော်ဆက် ဟာသစာပေ၊ ဆောင်းပါး၊ ဝတ္ထု၊ လေးချိုး၊ ဒွေးချိုး၊ တေးထပ်များပါ ဖြည့်စွက်ထည့်သွင်းပြီး ရုပ်ပုံများနှင့်တကွ ဖော်ပြပြီး ရှမ်းပြည်နယ်တစ်နယ်လုံးသို့ သက်ဆိုင်ရာတိုက်သူကြီးများမှ တစ်ဆင့် ဖြန့်ဝေရောင်းချစေခဲ့သည်။

ဆရာမြင့်က အယ်ဒီတာအဖြစ် နှစ်နှစ်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်း မန္တလေးမှ ဦးအုံးမြင့်က အယ်ဒီတာအဖြစ် ဆက်လက်ဆောင်ရွက်ထုတ်ဝေခဲ့သည်။ ဦးအုံးမြင့်လက်ထက်တွင် သတင်းစာဟု အမည်ခံထားသော်လည်း ဂျာနယ်မဂ္ဂဇင်းဆန်ဆန် ထုတ်ဝေခဲ့သည်။

ငါးရက်တစ်ကြိမ် ထုတ်ဝေသည့် "ရတနာသီဟ" သတင်းစာ၏ ရှစ်နှစ်ကာလသက်တမ်းအတွင်း ပါဝင်ရေးသားခဲ့ကြသူများမှာ (၁)ဆရာမြင့်၊ (၂)ဦးအုံးမြင့်၊ (၃)ဆရာတင်(နန်းတော်ရှေ့မဟုတ်)၊ (၄)ရှမ်းကလေး၊ (၅)ခင်မောင်၊ (၆)အမိန့်တော်ရ ဦးပွား၊ (၇)သာသနာရေးဝန် ဦးမောင်မောင်၊ (၈)ပွဲစားဦးမြ၊ (၉)နန်းတော်ရှေ့ဆရာတင်တို့ဖြစ်ပြီး အမျိုးသမီးစာရေးဆရာမများကလည်း ကြိုးကြား ကြိုးကြား ပါဝင်ရေးသားကြကာ ဒဂုန်တာရာ၊ ဦးသိန်းဖေမြင့် တို့သည်လည်း ဆောင်းပါးများရေးသား၍ ကလောင်သွေးခဲ့ကြသည်။

"ရတနာသီဟ" သတင်းစာကို စော်ဘွားကြီး စောကြာအုံကိုယ်တိုင် ငွေကြေးအထောက်အပံ့နှင့် ကူညီဖြန့်ချိပေးခဲ့သော်လည်း အောက်ခြေပြည်သူများအတွင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ခြေဆန့်မဝင်ရောက်နိုင်ခြင်း၊ သတင်းစာလုပ်ငန်း အတွေ့အကြုံနည်းပါးခြင်းတို့ကြောင့် သတင်းစာထုတ်ဝေဖြန့်ချိမှုမှာ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။

ရတနာသီဟ သတင်းစာသည် ရှမ်းပြည်နယ်ပြည်သူများကို စာပေအသိ၊ စာပေတာဝန် ကျေပွန်စွာဖြင့် ပြည်သူတို့အတွက် အစွမ်းအစ လမ်းပြရှေ့ဆောင်လျက် ပြည်သူတို့၏ နား၊ မျက်စိ၊ ပြည်သူတို့၏ ပါးစပ်အဖြစ် ရှစ်နှစ်ကျော်ကာလတိုင်အောင် ရပ်တည်ခဲ့ပြီး စော်ဘွားကြီးစောကြာအုံ နတ်ရွာစံ၍ တစ်နှစ်အကြာတွင် ငွေကြေးထောက်ပံ့မည့်သူ မရှိတော့သဖြင့် ၁၃၀၃ ခုနှစ်တွင် "ရတနာသီဟ" သတင်းစာကို ရပ်ဆိုင်းလိုက်ရာ ရှမ်းပြည်နယ်ကို အလင်းဆောင်အသရေ မြှင့်ခဲ့သည့် စာပေပန်းတစ်ပွင့် ကြွေလွင့်ခြင်းဖြစ်သည်ဟု ရှုမြင်ခံစားမိပါတော့သည်။

စိုင်းသာလှိုင်(လိမ္မော်မြေ)

အဝေးပြေးယာဉ်လိုင်းအချို့နှင့် ဘုရားဖူးကားအချို့ ဝန်ဆောင်မှုအားနည်း

ရန်ကုန် မေ ၂၂

အဝေးပြေးယာဉ်လိုင်းအချို့နှင့် ခရီးသွားလုပ်ငန်းအချို့ ဝန်ဆောင်မှုအပိုင်း၌ အားနည်းချက်များ များပြားလာနေကြောင်း သိရှိရသည်။

"သင်္ကြန်တွင်း ခရီးသွားတာ အဆင်မပြေမှုနဲ့ ကြုံခဲ့ရတယ်။ ဘုရားဖူးသွားဖို့အတွက် ဘုရားဖူးလုပ်ငန်းတစ်ခုနဲ့ ချိတ်ထားတယ်။ ပြောတော့ Aircon-bus လေအိတ်ကား၊ ဝန်ဆောင်မှုတွေက ဘယ်လိုဘယ်ညာဆိုပြီး တကယ်တမ်းသွားတဲ့အခါ လူမပြည့်တဲ့အတွက် ကားအသေးနဲ့ သွားရတယ်။ ဝန်ဆောင်မှုကလည်း ညံ့ဖျင်းတာကိုကြုံရတယ်။ တစ်လလောက်ကြိုပြီး Booking လုပ်ထားတာတောင် အဆင်မပြေခဲ့ဘူး"ဟု နေပြည်တော်မှ ကိုသူရိန်က ပြောပြသည်။

အဝေးပြေးယာဉ်လိုင်းအများစုမှာလည်း ရန်ကုန်မြို့တွင်းရှိ လူစည်ကားရာ နေရာအများအပြားတွင် အရောင်းကိုယ်စားလှယ်များထားရှိပြီး လက်မှတ်ဝယ်ယူမှုအနေဖြင့် အဆင်ပြေစေသော်လည်း စနစ်တကျရောင်းချမှု အားနည်းသဖြင့် ကားလက်မှတ်နှစ်ကြိမ် ထပ်မံရောင်းချသည့် ပြဿနာများ ကြုံတွေ့နေရကြောင်း သိရှိရသည်။

"ကျွန်မက ရောင်နီထွန်းကားလက်မှတ်ကို ဗဟန်းမြို့နယ် ကားလက်မှတ်ကိုယ်စားလှယ်တစ်ဦးဆီက ဝယ်ခဲ့တာ။ တကယ်တမ်းသွားပြီး စီးတဲ့အခါ အဲဒီခုံနံပါတ်ကိုပဲ တခြားတစ်ယောက်ကိုရောင်းထားတာတွေ့ရတယ်။ ခုံတစ်ခုံစီစဉ်ပေးခဲ့ပေမယ့် ခရီးသွားခါနီး ခုံနေရာစကားပြောရတာမျိုး ဖြစ်ရတာ မကောင်းပါဘူး။ သေသေချာချာ စိစစ်ပြီးမှ ရောင်းသင့်တယ်"ဟု မနေခြည်(ဝန်ထမ်း)ကပြောသည်။

အချို့ယာဉ်လိုင်းများမှာလည်း လူမပြည့်ပါက သတ်မှတ်ချိန်ကျော်သည်အထိ ခရီးသည်စောင့်ဆိုင်းတတ်ခြင်း၊ ကားအဲယားကွန်းမဖွင့်ခြင်း၊ ဝန်ဆောင်မှုများဖြစ်သည့် ရေသန့်၊ စနိုးတာဝါ စသည်တို့ မပေးခြင်းမျိုး ပြန်လည်ဖြစ်ပွားနေကြောင်း သိရသည်။

"ကျွန်တော်တို့ကတော့ ယာဉ်လိုင်းတွေ စည်းကမ်းတကျနဲ့ ဝန်ဆောင်မှုပိုင်း အဆင်ပြေအောင် အတတ်နိုင်ဆုံး စည်းကမ်းတင်းကျပ်ပြီး ဆောင်ရွက်နေပါတယ်။ ယာဉ်လိုင်းတွေများလာတဲ့အတွက် လိုအပ်ချက်တွေရှိနေရင် ကျွန်တော်တို့ မထသအဝေးပြေးကို တိုင်ကြားနိုင်ပါတယ်"ဟု မထသ(အဝေးပြေး)မှ တာဝန်ရှိသူကပြောသည်။

ခင်ရတနာ

ဆိုင်ကယ်ဖြင့်သယ်ယူလာသည့် ဘိန်းဖြူများဖမ်းဆီးရမိ

ဗန်းမော် မေ ၂၂

ဗန်းမော် မူးယစ်(အထူး)အဖွဲ့၊ မိုးမောက်လှုပ်ရှားမှုနှင့် ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မိုးမောက်မြို့အဝင် ကွန်ကရစ်တံတားအနီး လွယ်ဂျယ်မှ ဗန်းမော်သို့ ဆိုင်ကယ်စီးလာသူတစ်ဦးထံမှ ဘိန်းဖြူများ ဖမ်းဆီးရမိကြောင်း သိရှိရသည်။ **(ယာပုံ)**

ဗန်းမော်မူးယစ်(အထူး)အဖွဲ့၊ မိုးမောက်လှုပ်ရှားမှ ရဲအုပ်အောင်ကိုနိုင်ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မေ ၁၉ ရက် ညနေ ၄ နာရီခွဲက လွယ်ဂျယ်မှ ဗန်းမော်သို့ ကိုဂျာဟီ မောင်းနှင်လာသည့် RINBO-125 အနက်ရောင်ဆိုင်ကယ်အား မိုးမောက်ရဲစခန်းသို့ ခေါ်ဆောင်ရှာဖွေခဲ့ရာ ဆိုင်ကယ်ရှေ့ ရင်အုပ်၊ ဆိုင်ကယ်ဒူးကာ၊ ဆိုင်ကယ်ဝဲ/နောက်ကာဘာများအတွင်း စုစုပေါင်း ဆပ်ပြာခွက်ရှစ်ခွက်၊ အလေးချိန် ၁၀၄ ဂရမ်ခန့်ရှိ ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့်များကို ရှာဖွေတွေ့ရှိ၍ ဒုရဲအုပ် ရောင်နီဝင်းက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ပြီး ရဲအုပ်အောင်ကိုနိုင်က တရားလိုပြုလုပ်တရားစွဲဆိုခဲ့ရာ မိုးမောက်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်၍ ကိုဂျာဟီ (၃၀ နှစ်) မန်စီမြို့နယ်နှင့် ဘိန်းဖြူသယ်ဆောင်ခိုင်းသူ ကိုဂျာဟီ၏ယောက္ခမ ကိုမောခေါ်(၃၃ နှစ်)ဗန်းမော်မြို့တို့အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရွှေခြံသား**





တီချယ်မိုး(အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း)

၂၃-၄-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ချစ်တဲ့တပည့်များနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လောကီလောကုတ္တရာအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တီချယ်မိုးကိုချစ်တဲ့
သားသား-စည်သူထက်(ခ)ညီညီလင်း

ရောင်းမည်
(BRAND NEW)

48" Band Saw + Carriage
42" Band Saw
36" Band saw
လွှသွေးစက်၊ လွှကြိတ်စက်၊
လွှာထိုးစက်နှစ်လုံး။
ဖုန်း-၀၉-၄၃၀၈၃၂၄၄၊ ၀၉-၇၃၂၄၀၆၅၀

နိုင်ငံတကာအားကစားသတင်း

လီဗာပူးနဲ့ ချယ်လ်ဆီးတို့ အမှတ်ခွဲ ယူခဲ့ရတဲ့ပွဲစဉ် (၃၄)

ပရီမီယာလိဂ်ပွဲစဉ် (၃၄) ကို မေ ၂၁ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ လီဗာပူးနဲ့ချယ်လ်ဆီးတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး သရေပွဲဖြစ်ခဲ့လို့ ပရိသတ်အကြိုက်ပွဲစဉ်လည်း ဖြစ်ခဲ့ပါတယ်။ မြန်နှုန်းမြင့်ကစားခဲ့ပြီး ပွဲချိန် နောက်ဆုံးစက္ကန့်အထိ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ပွဲစဉ်လည်းဖြစ်ခဲ့လို့ ပရိသတ်တွေစိတ်တိုင်းကျခဲ့တဲ့ပွဲအဖြစ် ရင်ထဲစွဲငြိစရာဖြစ်ခဲ့တာ အမှန်ပါပဲ။



လီဗာပူး ၂-၂ ချယ်လ်ဆီး

ပရိသတ်တွေ မျှော်လင့်သလို ပွဲကောင်းဖြစ်ခဲ့ပြီး နှစ်သင်းစလုံး ခြေကုန်ထုတ်ခဲ့ကြရတဲ့ပွဲပါပဲ။ ကွင်းလယ်ကစားကွက်ကို တစ်ပြန်စီ ထိန်းချုပ်ဖို့ကြိုးစားခဲ့ပြီး အပြန်အလှန် ဂိုးတွေသွင်းယူဖို့ ထိုးဖောက်ခဲ့တာမို့ အကြိတ်အနယ်ဖြစ်ခဲ့ပါတယ်။ လီဗာပူးတိုက်စစ်မှာ ဆွာရက်ဇ်က ဦးဆောင်မွေနှောက် ထိုးဖောက်ခဲ့သလို ချယ်လ်ဆီးတို့ကလည်း အော်စကာ၊ မာတာ၊ ရာမီးရက်ဇ်၊ တောရက်စ်တို့က အုပ်စုဖွဲ့ တိုက်စစ်ဆင်ခဲ့ပါတယ်။ ပွဲချိန် ၂၅ မိနစ်မှာတော့ မာတာ ကန်တင်ပေးလိုက်တဲ့ ထောင့်ကန်ဘောကတစ်ဆင့် အော်စကာက ခေါင်းတိုက်သွင်းယူခဲ့လို့ ချယ်လ်ဆီးတို့အဖွင့်ဂိုးရရှိခဲ့ပါတယ်။

ဒါပေမယ့် လီဗာပူးတို့က ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် တိုက်စစ်မှူးတွေရဲ့ အပေးအယူ အချိတ်အဆက်တွေ အပိုအလို ဖြစ်ခဲ့တာမို့ ပထမပိုင်းပွဲချိန်အတွင်းမှာ လီဗာပူးတို့ ချေပဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်း ပွဲချိန်အတွင်းမှာ လီဗာပူးတို့ ချေပဂိုး ရရှိရေးကြိုးစားခဲ့လို့ ပွဲချိန် ၅၁ မိနစ်မှာ စတားရစ်က ပိတ်သွင်းယူခဲ့တာမို့ လီဗာပူးတို့ ချေပဂိုး ရရှိသွားခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၅၅ မိနစ်မှာတော့ လီဗာပူးဂိုးဧရိယာအတွင်းမှာ ဆွာရက်ဇ်လက်ထိဘောဖြစ်ခဲ့ပြီး ပယ်နယ်တီအပေးခံခဲ့ရတာမို့ ချယ်လ်ဆီးရဲ့ ဟာဇက်ကသွင်းယူခဲ့ကာ ဒုတိယဂိုးကို ရယူသွားခဲ့ပါတယ်။ နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ခဲ့ပြီး ထိုးဖောက်ဂိုးသွင်းမှုတွေပြုလုပ်ခဲ့ပေမယ့် နှစ်ဖက်ဂိုးသမားတွေက ကာကွယ်နိုင်ခဲ့တာမို့ ဂိုးရလဒ် မပြောင်းလဲနိုင်ခဲ့ပါဘူး။ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုအတွင်း ပွဲပြီးချိန် စက္ကန့်ပိုင်းအလိုမှာ စတားရစ် ဘယ်ခြေနဲ့ ကန်တင်ပေးလိုက်တဲ့ ဘောလုံးကို ဆွာရက်ဇ် ခေါင်းတိုက်သွင်းခဲ့လို့ ပွဲအပြီးမှာ နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ကာ ရသမြောက်ပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။

ဖူလ်ဟမ် ၀-၁ အာဆင်နယ်

မိုးမြင့်လင်းလက်
ရေးသားသည်

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးစားနေတဲ့ အာဆင်နယ်ဟာ အဝေးကွင်းမှာ ဖူလ်ဟမ်ကို အနိုင်ရအောင် ကြိုးစားခဲ့ရပါတယ်။ အိမ်ကွင်းမှာ ခြေပေါ်အောင်ကစားခဲ့တဲ့ ဖူလ်ဟမ်ကြောင့် အာဆင်နယ်တို့ ဂိုးရရှိရေး ခက်ခဲခဲ့ပြီး ပွဲချိန် ၄၃ မိနစ်ရောက်မှသာ မာတီဆက်က ခေါင်းတိုက်ပြီး ဂိုးသွင်းယူခဲ့လို့ အဲဒီဂိုးနဲ့ပဲ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ အာဆင်နယ်တိုက်စစ်မှူးတွေဖြစ်တဲ့ ဝေါကော့သ်နဲ့ ဂီလော့ခ်တို့ ကန်သွင်းချက်တွေ မသေချာမှုကြောင့်လည်း ဂိုးတွေ မရရှိခဲ့ခြင်းဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အာဆင်နယ်ဟာ ဒီပွဲအနိုင်ရအောင် ကစားနိုင်ခဲ့တာမို့ အခြေအနေကောင်းသွားတာတော့ အမှန်ပါပဲ။

ဆန်းဒါးလန်း ၁-၀ အဲဗာတန်

ဆန်းဒါးလန်းတို့ အနိုင်ရရှိရေး ကြိုးစားခဲ့တာမို့ တန်းမဆင်းရရေး ရောင်ခြည်တော့ သမ်းခဲ့ပြီဖြစ်ပါတယ်။ ဆန်းဒါးလန်းအတွက် ဂိုးကို ပွဲချိန် ၄၅ မိနစ်မှာ ဆက်ဆီနန်က ကိုက် ၂၀ အကွာက သွင်းယူပေးခဲ့တာဖြစ်ပြီး ပွဲအပြီးမှာ တစ်ဂိုး-ဂိုး မရှိနဲ့ နိုင်ခဲ့တာမို့ အဲဗာတန်တို့ရဲ့ ချန်ပီယံလိဂ်ဝင်ခွင့်အိပ်မက်လည်း ပျက်ပြယ်မတတ်ဖြစ်ခဲ့ပါတယ်။ ။

နယူးကာဆယ်နောက်တန်းလူ တေလာ လာမည့်နှစ်ဘောလုံးရာသီ နားရမည်

နယူးကာဆယ်နောက်တန်း ကစားသမား ရိုင်ယန်တေလာသည် ဩဂုတ်လက ဒူးခေါင်းခွဲစိတ်ခံထားရာမှ ပြန်လာပြီးနောက် အပြင်းအထန်ဒဏ်ရာ ရရှိသွားသဖြင့် လာမည့်ဘောလုံးရာသီတစ်ရာသီလုံး အနားယူရလိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အသက် ၂၈ နှစ်ရှိ အဆိုပါ နောက်တန်းကစားသမားသည် ပြီးခဲ့သည့်နှစ် ယူရိုပါလိဂ်ခြေစစ်ပွဲတွင် ဒဏ်ရာရခဲ့ပြီးနောက် လေ့ကျင့်မှုပြုလုပ်စဉ် ဒူးခေါင်းအကြောပြတ်တောက်သွားခြင်းဖြစ်သည်။ ၎င်းသည် လာမည့်ရာသီတစ်ခုလုံး အနားယူရတော့မည်ဟု ၎င်းကလပ်က ကြေညာသည်။ နယူးကာဆယ်အသင်းသည် လက်ရှိအခြေအနေမှာ တန်းဆင်းဇုန်အထက် ငါးမှတ်ကွာတွင် ရှိနေသည်။

ဘိုင်ယန်မြူးနစ်နှင့် စတုဂတ် ဇွန် ၁ ရက်တွင် ဂျာမန်ဖလား ဗိုလ်လုမည်

စတုဂတ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် ဂျာမနီဖလားဗိုလ်လုပွဲအဖြစ် ဇွန် ၁ရက်တွင် ဘာလင်မြို့၌ ယှဉ်ပြိုင်အားပေးကြမည်ဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို ရာသီမကုန်မီလကတည်းက ဆွတ်ခူးခဲ့သော အသင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒက်စ်လီဂါသာမက ချန်ပီယံလိဂ်တွင်လည်း ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ထားသည့် အသင်းဖြစ်သည်။ သို့သော်လည်း စတုဂတ်အသင်းသည် ဂျာမန်ဖလားကို သုံးကြိမ်တိုင်တိုင် ဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ စတုဂတ်တို့ ၂၀၀၇ ခုနှစ်က နောက်ဆုံးဂျာမန်ဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဘာလော့တယ်လီပိတ်ပင်မှု သုံးပွဲမှ နှစ်ပွဲသို့လျှော့ချ

အေစီမီလန်တိုက်စစ်မှူး ဘာလော့တယ်လီအား ၎င်းကလပ်၏ မေတ္တာရပ်ခံချက်အရ သုံးပွဲပိတ်ပင်ထားရာမှ နှစ်ပွဲသို့ လျှော့ချလိုက်သည်။ ဘာလော့တယ်လီသည် လွန်ခဲ့သောသီတင်းနှစ်ပတ်က ဖီအိုရင်တီးနားကို အေစီမီလန်က တစ်ဖက် နှစ်ဂိုးစီသရေကစားခဲ့သည့်ပြိုင်ပွဲ၌ ကွင်းလယ်ဒိုင်လူကြီး ပေါ်လိုတာဂလီယာဗင်တိုအား စော်ကားခဲ့သဖြင့် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ မီလန်က မေတ္တာရပ်ခံပြီးနောက် ၎င်းအား ပြိုင်ပွဲသုံးပွဲမှ နှစ်ပွဲသို့ လျှော့ချပိတ်ပင်လိုက်သည်။ ထို့အပြင် ဒဏ်ကြေးငွေ ယူရို ၂၀၀၀၀ ကိုပါ ဒဏ်ရိုက်ခဲ့သည်။ ၎င်းသည် လာမည့်အိမ်ကွင်းပြိုင်ပွဲ၌ ကာတာနီးယားနှင့်ကစားမည့်ပြိုင်ပွဲတွင် ပြန်လည်ပါဝင်ကစားနိုင်မည် ဖြစ်သည်။

ကောင်းမြတ်သူ - ရေးသားသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မန်စီးတီးအသင်းသည် စပါးတောင်ပံကစားသမား ဂါရက်ဘေးလ်အား စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- မန်ယူအသင်းသည် ဒေါ့မွန်အသင်းမှ တိုက်စစ်မှူး အသက် ၂၄ နှစ်အရွယ်ရှိ လီဝမ်ဒေါ်စကီးအားခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- ဂျူဗင်တပ်စ်အသင်းက ခေါ်ယူရန် ကြိုးစားနေသော်လည်း တိုက်စစ်မှူး ဆွာရက်ဇ်က လီဗာပူး၌သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်စီးတီးကွင်းလယ်ကစားသမား အသက် ၃၂ နှစ်အရွယ်ရှိ ဂါရက်ဘယ်ရီအား စာချုပ်သစ်ထပ်မံချုပ်ဆိုမည်ဖြစ်သည်။
- မန်ယူနောက်ခံကစားသမား ဖာဒီနန်အား အင်္ဂလန်အသင်း နောက်ထပ်ပြိုင်ပွဲများအတွက် ထပ်မံခေါ်ယူမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ ရွိုင်ဟော့ဆင်က ထုတ်ဖော်ပြောကြားသည်။
- ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်မည်ဟု ယုံကြည်နေကြောင်း တိုက်စစ်မှူး မက်ဆီက ပြောကြားသည်။
- ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး မန်ဇူကစ်က ချန်ပီယံလိဂ် အကြို ဗိုလ်လုပွဲ၌ စိတ်ဓာတ်ကောင်းကောင်းဖြင့် ကစားရန်လိုကြောင်း ကစားဖော်များအား တိုက်တွန်းလိုက်သည်။



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးပြည့်ဖြိုးလင်း ၁၃/နစန(နိုင်)၀၅၉၃၁၈၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။
ဖုန်း-၀၉-၄၂၈၃၆၆၅၄၁



ပျောက်ဆုံး

ဘ/၃၅၆၀ CNG -ဆီစာအုပ်၊ ဗီးတက်၊ (ခ) လုပ်ငန်းလိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၉၁၉၃၂၊ ၀၉-၇၃၀၅၄၀၇၁

ပျောက်ဆုံးကြောင်း

မသီတာဝင်း ၇/ပမန(နိုင်)၀၉၇၉၁၉၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၆၃၆၄၄

ကားသော့ပျောက်ဆုံး
(ကျေးဇူးဆပ်ပါမည်)

၁၈-၄-၂၀၁၃ရက် ည ၈း၃၀နာရီခန့်တွင် တက္ကသိုလ်ရိပ်သာလမ်းသစ်မှ အင်းလျားလမ်းသို့ Mark II (ရွှေငါး) နံပါတ်အနီတက္ကစီအား ကားငှားစီးစဉ် ၄င်းကားပေါ်သို့ ကားသော့ (အဝိုင်းပုံသဏ္ဍာန်) အနက်ရောင် ပါသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၅၄၆၃၇၈၊ ၀၉-၄၂၁၀၆၁၃၂၈



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄ ရပ်ကွက်နေ ဦးအောင်ဝင်း-ဒေါ်စိန်မြတို့၏သား မောင်ကောင်းမြတ်ဟိန်း ၁၂/ဥကတ(နိုင်)၁၇၅၀၅၆ သည် မိဘသဘောမတူသည့်ကိစ္စအဝဝကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မိခင်-ဒေါ်စိန်မြ
၁၂/ဥကတ(နိုင်)၀၁၀၂၅၂
ဒဂုံမြို့သစ်(မြောက်ပိုင်း)

သင်ကြားရေးဆရာများ အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်ရှိ၊ ထူးဖောင်ဒေးရှင်းမှ တည်ထောင်ထားသော ပညာဒါနစာသင်ကျောင်းတွင် ဖွင့်လှစ်သင်ကြားနေသည့် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များအတွက် ဂရုစိုက်သင်ကြားနိုင်သော သင်ကြားရေးဆရာ ဆရာမ လေးဦးအလိုရှိသည်။

(၁) B.Ed, M.Ed ဘွဲ့ရရှိသူများနှင့် သက်ဆိုင်ရာဘာသာရပ်တွင် ဘွဲ့ရရှိသူများအား ဦးစားပေးမည်။
(၂) အသက် ၂၃ နှစ်မှ ၄၅နှစ်အတွင်းဖြစ်ရမည်။
(၃) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(၄) တက္ကသိုလ်ဝင်တန်းသင်ကြားမှု အတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိရမည်ဖြစ်ပြီး မိမိတာဝန်ယူသင်ကြားမည့် ဘာသာရပ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ယူသင်ကြားပေးနိုင်ရမည်။
(၅) ၂၀၁၄ခုနှစ်၊ မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲပြီးသည်အထိ ပူတာအိုတွင် နေထိုင်နိုင်သူဖြစ်ရမည်။
(၆) ကွန်ပျူတာအသုံးပြုတတ်၍ စာပေ၊ ဗဟုသုတနှင့် ပြည့်စုံရမည်။
(၇) ပါတီနိုင်ငံရေးကင်းရှင်းရမည်။
(၈) ဆရာ ဆရာမများသည် ဆရာ့ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်စွာနေနိုင်ရမည်။
(၉) နေ/စားစရိတ်ငြိမ်း စီစဉ်ပေးမည်။
(၁၀) လစာကောင်းမည်။

မှတ်ချက်။ ။ ကွမ်း၊ ဆေးလိပ်၊ လောင်းကစား၊ အပျော်အပါးနှင့် အရက်သေစာ သောက်စားမှု ကင်းရှင်းသူများသာလျှင် လျှောက်ထားရန်။

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ပညာရေးနှင့်ပတ်သက်သော အထောက်အထားမိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ လေဘာကတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် အိမ်ထောင်စုဇယားမိတ္တူတို့ဖြင့် ပူးတွဲလျက် ၆-၅-၂၀၁၃ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာတွင် လျှောက်ထားနိုင်ပါသည်။

ထူးဖောင်ဒေးရှင်း
ကွန်ဒို(A)၊ မြေညီထပ်၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊
မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၅၅၂၇၂၊ ၆၅၅၂၈၂၊ ဖက်စ် ၀၁-၆၅၅၂၉၂

ပရဟိတ ဆိုသည်မှာ

မိုးမြင့်လွင်

လွတ်လပ်ပွင့်လင်းလာသော ခေတ်စနစ်နှင့်အတူ မြန်မာနိုင်ငံ တစ်နံတစ်လျား ဒေသအသီးသီး၊ မြို့နယ်အသီးသီးတွင် သာရေးနာရေး အခမဲ့ကူညီမှုအသင်း၊ ကျန်းမာရေး ကူညီစောင့်ရှောက်မှု အခမဲ့အသင်း၊ ပညာဒါနအခမဲ့သင်တန်း၊ သွေးလှူရှင်အသင်း စသည် စသည်ဖြင့် အသင်းအဖွဲ့များဖွဲ့စည်းကာ လူမှုရေးကိစ္စရပ်များကို စေတနာအပြည့်၊ သဒ္ဓါအပြည့်ဖြင့် ညီညီညွတ်ညွတ် ဆောင်ရွက်နေကြသည်ကို ဝမ်းမြောက်စွာတွေ့ရမြင်ရပါသည်။

များသောအားဖြင့် ထိုအသင်းအဖွဲ့များ ဆောင်ရွက်မှုသည် ကိုယ်ကျိုးမပါ အများအကျိုးဆောင်ရွက်ခြင်းဖြစ်၍ ပရဟိတလုပ်ငန်းဟု ကင်ပွန်းတပ်ခေါ်ဆိုကြပါသည်။

သို့ဖြစ်၍ ပရဟိတဆိုသည့် အသုံးအနှုန်းကလည်း လူတိုင်းပါးစပ်ဖျားတွင် ခေတ်စားလာပါသည်။

ပရဟိတကို အဓိပ္ပာယ်ဖွင့်လျှင် ပရ=သူတစ်ပါး၊ ဟိတ=အကျိုး၊ ပရဟိတ=သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြည့်စုံစွာပြောရလျှင် မိမိ၏ အတ္တဟိတ ကိုယ်ကျိုးစီးပွားမပါ၊ အများအကျိုးကို စေတနာသန့်သန့်ဖြင့် ထမ်းဆောင်ပေးခြင်း၊ ထမ်းရွက်ပေးခြင်းဖြစ်ပါသည်။

ပရဟိတဟူသည့် စကားရပ်နှင့် ဆက်နွယ်သည့် ပါဠိတော်တစ်ပုဒ်ကို ဘုရားရှင်ဟောကြားတော်မူသည့် ဝိသုဒ္ဓိမဂ်ကျမ်းစာအုပ်တွင် စာရေးသူဖတ်ရှုမိပါသည်။

ပထမတစ်ပိုဒ်တွင်-

ပရဒုက္ခေသတိသပ္ပုရိသာနံဟဒယံ ကမ္ပေတိတိ ကရုဏာ

အဓိပ္ပာယ်ကား-သူတစ်ပါးဆင်းရဲ ဒုက္ခရောက်နေတာကိုမြင်ရင် သူတော်ကောင်းတို့၏ စိတ်နှလုံးသားသည် ကြင်နာသနားခြင်းဖြစ်ကာ တုန်လှုပ်စေတတ်၊ တုန်လှုပ်ခြင်း ဖြစ်ပေါ်ပါသည်။

ထိုတုန်လှုပ်သောစိတ်ကို သူတော်ကောင်းစိတ် ကရုဏာဟု ခေါ်ဆိုပါသည်။

ပမာအားဖြင့် ခွေးငယ်လေးတစ်ကောင်သည် ကားသော်လည်းကောင်း၊ အခြားယာဉ်တစ်စီးသော်လည်းကောင်း တိုက်မိသွားသည်ကို မြင်တွေ့ရ၍ ဟယ်သနားလိုက်တာဟု စိတ်၌ဖြစ်ပေါ်ခြင်းသည် သူတော်ကောင်းနှလုံးသားရှိသည့် ကရုဏာစိတ်ဟု ဆိုခြင်းဖြစ်ပါသည်။

ဒုတိယအပိုဒ်ကတော့-

ပရနက္ခံကိရတိ-အပနာပေတီတိ ကရုဏာ

သူတစ်ပါးဒုက္ခဆင်းရဲရောက်နေသည်ကို မြင်လည်းမြင်တွေ့ရ၏။ ကရုဏာစိတ်လည်း ဖြစ်ပေါ်လာ၏။ ထိုစိတ်နှင့်အတူ ၎င်းဆင်းရဲဒုက္ခရောက်နေသူအား ဒုက္ခတွင်းမှ လက်တွေ့ဖယ်ရှားပေးခြင်းသည် ပရဟိတ သူတစ်ပါးအကျိုးကိုဆောင်သည်ဟူ၍ အဓိပ္ပာယ်ရပါသည်။ ခြုံ၍ဆိုရသော် ခွေးလေးကားတိုက်ခံရပြီး အနာတရဖြစ်နေသည်ကို မြင်ရတွေ့ရ၍ သနားစိတ်ဖြစ်ပေါ်ခြင်းသည် သူတော်ကောင်းနှလုံးသား ကရုဏာစိတ်သာဖြစ်ပါသည်။ ပရဟိတ=အကျိုးဆောင်ရွက်ခြင်း မဟုတ်သေးပါ။

သနားစိတ်လည်းဖြစ်ပေါ်လာသည်။ လက်တွေ့လည်း ထိုကားတိုက် ယာဉ်တိုက်ခံထားရသည့် ခွေးလေးအား ဆေးကုပေးခြင်း၊ အစာရေစာကျွေးမွေးပြုစုပေးမှသာ သူတော်ကောင်းနှလုံးသားဖြင့် ကူညီဆောင်ရွက်သော ပရဟိတမည်သည်ဟု အဓိပ္ပါယ်ရသည်။

သို့ပါ၍ ပရဟိတလုပ်ငန်း ဆောင်ရွက်သူသည် သူတော်ကောင်းစိတ်ရှိသောသူဖြစ်၍ အများအကျိုးအခမဲ့ဆောင်ရွက်ကြရာတွင် ပရဟိတအမည် ဆိုင်းဘုတ်အား အသုံးပြု၍ ကိုယ်ကျိုးစီးပွားအတွက် အကာအကွယ်ပြုသည်မဟုတ်ဘဲ ရိုးသားခြင်း၊ ဖြူစင်ခြင်းဖြင့် ဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုရေးသားလိုက်ရပါသည်။

တပေါင်းလပြည့်ကျော် ၁၂ ရက် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၅) ရပ်ကွက်တွင် ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် အဆိုပြုလွှာ လက်ခံပွဲအခမ်းအနား ကျင်းပရာ မြို့နယ်သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးခင်လှက အသင်းဝင် အဆိုပြုလွှာများအား လက်ခံယူစဉ်။ (၁၂၂)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

သရက်ဆရာတော်နှင့် ဂျပန်သာသနာပြုဆရာတော်တို့အား
ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

၂၀၁၃ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသော **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ရ သရက်ဆရာတော် ဘဒ္ဒန္တကေသရမဟာထေရ်နှင့် **အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ရ ဂျပန်ထေရဝါဒသာသနာပြုဆရာတော် ဘဒ္ဒန္တဉာဏုတ္တရထေရ် ဆရာတပည့်နှစ်ပါးတို့အား ထပ်ဆင့်ပူဇာမင်္ဂလာကို ၂၀၁၃ခုနှစ် ဧပြီ ၂၈ရက် (တနင်္ဂနွေနေ့)တွင် အမှတ်(၇)ရပ်ကွက်၊ ဘိုးရာဇာလမ်း၊ မဟာအောင်မြေရိပ်သာကျောင်းတိုက်၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

ယင်းပူဇော်ပွဲသဘင်သို့ တက်ရောက် ဖူးမြော်ကြည်ညိုသဒ္ဓါပွားလိုသူ တပည့်ဒါယကာ ဒါယိကာမများအနေဖြင့် ဖုန်း-၀၁-၆၄၅၀၄၀၊ ၀၉-၅၀၈၀၃၄၅၊ ၀၉-၅၀၆၈၇၂၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အကျိုးဆောင်အဖွဲ့
မဟာအောင်မြေရိပ်သာ၊ လှိုင်သာယာ

အမည်ပြောင်း

ဦးအေးမင်း၏သမီး တောင်ငူခရိုင် ထန်းတပင် အထက ပဥ္စမတန်း(A)မှ မအိအိခိုင်အား မအေးသီရိမွန်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မအေးသီရိမွန် (ထန်းတပင်)

မွေးသက္ကရာဇ်အမှန်

ဦးအောင်မြင့်-ဒေါ်ဝင်းပပတို့၏သမီး မဖူးပွင့်အောင် ပဥ္စမတန်း-A၊ အထက (၁) မင်္ဂလာဒုံ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၉-၂၀၀၁ ဖြစ်ပါကြောင်း။

ကားရောင်းမည်

TOYOTA ESTIMA 97 ဒီဇယ်
3.C TURBO 7 Seat.
၁ခ/.... (118) သိန်း
ဖုန်း-၀၉-၅၁၀၀၈၆၇၊ ၀၁-၅၇၃၈၈၂

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးမောင်ရီ-ဒေါ်အေးအေးမြင့် တို့၏သမီး မမေမြင့်ထွန်း ၉/ခအဇ(နိုင်)၀၁၂၁၀၈ (ဒီဇယ်စက်ရုံ ရွာထောင်မီးရထား) သည် မိဘများစကားနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

ဦးမောင်ရီ-ဒေါ်အေးအေးမြင့်
၃၃×၃၄၊ ၆၉×၇၀ ကြား
သီရိဟံသာ

ပြည်တွင်းသတင်း

ဂန့်ဂေါတွင် သက်ကြီးပူဇော်ပွဲ ကျင်းပ

ဂန့်ဂေါ ဧပြီ ၂၂

ဂန့်ဂေါမြို့နယ် မဟာအတာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီက ကြီးမှူး၍ သက်ကြီးအဘိုးအဘွားများအား ပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက်က ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပူဇော်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်တို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အဘိုးအဘွား ၆၀ တို့အား လှူဖွယ်ပစ္စည်းများပေးအပ်၍ ဂါရဝပြုကြသည်။ ထို့နောက် အဘိုးအဘွားများကိုယ်စား လွှတ်လပ်ရေးမော်ကွန်းဝင် (တတိယအဆင့်) အဘိုးဦးရှန်းမော်က သြဝါဒဆုပေးစကားပြောကြားသည်။

(၁၀၁)

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ပေးအပ်

မိုးကောင်း ဧပြီ ၂၂

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီခွဲက မိုးကောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က ကျေးရွာခြောက်အုပ်စုမှ တောင်သူ ၃၈၁ တို့ ကိုယ်စား သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ကွင်း ၁၄ ကွင်း၊ ဦးပိုင် ၄၆၂ ခုရှိ လယ်ယာမြေ ၂၇၇၈ ဒသမ ၁၄ ဧက လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၆၂)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာနေ
ဦးတင်မောင်လတ် (မြန်မာ့သတင်းစဉ်-ပြည်တွင်း၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်စုစုလတ်
တို့၏သားငယ်

မောင်ကျော်စွာလတ်
B.A(Myanmar) , Diploma in IT
ဒါရိုက်တာ(မြန်မာအမျိုးသား ရတနာ သတ္တုတူးဖော်ရေးကုမ္ပဏီ)
နှင့်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နေ ဦးမြင့်ဦး-ဒေါ်သိန်းနွယ်တို့၏သမီးငယ်

မအေးဇင်သူ
Final Year (History)

တို့၏ ၂၃-၃-၂၀၁၃ရက် ယုဇနဂါးဒင်းဟိုတယ်တွင်ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့်ဇနီး ဒေါ်ခင်ဆွေဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုး၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ရင်ရင်လှ၊ တပ်မတော်ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သစ်လင်းအုန်းနှင့်ဇနီး ဒေါ်မေစန်းသိန်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်မောင်ဆွေ၏ဇနီး ဒေါ်မိမိမော်၊ တရားရုံးချုပ်တရားသူကြီး(ငြိမ်း)ဝဏ္ဏကျော်ထင် ဦးမြင့်သိန်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ ပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မောင်ဘုန်းပြည့်မြတ်နှင့် မနော်ဖူးဖူးအယ်၊ မင်္ဂလာသတို့သားအရံ မောင်အောင်သူရ၊ မင်္ဂလာသတို့သမီးအရံ မချစ်စုစုသွယ်၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မသီဂီဝေ၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးပါသော တေးသံရှင် ငြိမ်းငြိမ်းအိနှင့် The Aces တေးဂီတအဖွဲ့၊ မေတ္တာဖြင့် စိန်ရွှေရတနာများဆင်မြန်းပေးပါသော ဦးအေးဝင်း-ဒေါ်စန်းစန်းဝေ(ပြည့်စုံ စိန်ရွှေရတနာဆိုင် အင်းစိန်ဈေး)၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးသော မြန်မာ့သတင်းစဉ်(ပြည်တွင်း)ဓာတ်ပုံအဖွဲ့ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင် အလှဖန်တီးရှင် မေဦး(တော်ဝင်သူ)နှင့် အဖွဲ့သားများ၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးပါသော မလေးရှားသန်းမြင့်၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော စိုင်းဘုန်းထူးအဖွဲ့နှင့် ယုဇနဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာလတ်-မအေးဇင်သူ

ကြော်ငြာ

(၅၄) နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်ဆုမွန်လွှာ

(၂၃-၄-၂၀၁၃) ရက်နေ့တွင် ကျရောက်သော ချစ်ဖေဖေ ဦးတိုကြည်၊ ညွှန်ကြားရေးမှူး(ငြိမ်း) အကျဉ်းဦးစီးဌာန နှင့် ချစ်မေမေ ဒေါ်တင်တင်ဝင်း တို့၏ (၅၄) နှစ်ပြည့် မင်္ဂလာရက်မြတ်မှ သည် နောင်မင်္ဂလာနှစ်ပေါင်းများစွာတိုင် ဘာသာ၊ သာသနာနှင့်အများကောင်းကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား၊ သမီးများ - ဒေါ်ကြည်ကြည်ဦး
ဒေါ်ကြည်ကြည်လေး - ဦးတင်မောင်ဘုံး
ဒေါ်ရွှေဇင်ကြည်
ဒေါ်မေစပယ်ကြည်
ဒေါ်မေဥမ္မာကြည်
ဦးကြည်မိုးထွေး - ဒေါ်မြသန္တာ

ချစ်မြေးများ - မိုမို၊ ဝါဝါ၊ တုံတုံ၊ ချူချူ၊ ထူးထူး

ပညာရေးဝန်ကြီးဌာန
အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
National Management College (NMC)

FINANCIAL SERVICES နှင့် BUSINESS MANAGEMNT
အမှတ်စဉ် (၃) သင်တန်းသားများ လျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် နှင့် STI Education တို့ ပူးပေါင်း၍ အောက်ဖော်ပြပါ သင်တန်းအမှတ်စဉ် (၃)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)

၁။ တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင် ပြီးသူများနှင့် တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိထားသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများနှင့် ဘဏ်များ၊ ကုမ္ပဏီများမှဝန်ထမ်းများ သီးခြားအတန်းခွဲများတွင် တက်ရောက်ရပါမည်။

၂။ Certificate သင်တန်းအောင်မြင်ပြီးသူများသည် Diploma, Advanced Diploma သင်တန်းများမှ တစ်ဆင့် The Open University of Hong Kong နှင့် ချိတ်ဆက်ထားသော Bachelor of Business Administration/ Finance and Banking (BBA) ဘွဲ့သင်တန်းသို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ BBA ဘွဲ့ ရရှိရန် သင်တန်းကာလ စုစုပေါင်း (၃)နှစ် (၆)လ ကြာမြင့်ပါမည်။

၃။ Business Management သည် စီးပွားရေးစီမံခန့်ခွဲမှု၏ အခြေခံဘာသာရပ်များဖြစ်သည့် စီမံခန့်ခွဲမှု၊ ပြောဆိုဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ခန့်ခွဲမှု၊ ဈေးကွက်ထိုးဖောက်ခြင်း၊ စာရင်းကိုင်ပညာနှင့် IT ပညာတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မန်နေဂျာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ပါသည်။

၄။ Financial Services သည် စီးပွားရေးအဖွဲ့အစည်းများနှင့်ဘဏ်များ၏အခြေခံသဘောတရားများ၊ ဘဏ်များနှင့်ငွေကြေးအရင်းအနှီးဈေးကွက်တည်ဆောက်ပုံတို့ကို သင်ကြားရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါကဘဏ်များနှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏မန်နေဂျာ၊ ငွေကြေးဆိုင်ရာ စီမံရေးဆွဲရေးအရာရှိများနှင့်စတော့ဈေးကွက်တည်ဆောက်သူအရာရှိများ၊ စတော့ရောင်းဝယ်သူအရာရှိများအဖြစ် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။

၅။ သင်တန်းကာလ(၆)လဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် မေလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

၆။ ပညာအရည်အချင်းအထောက်အထား (မူရင်းနှင့် မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊ လိုင်စင်ဓါတ်ပုံ (၃)ပုံတင်ပြရမည်။

(လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

အသေးစိတ်သိရှိလိုပါက- အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊(STI Education)
ကုန်သည်လမ်း (၅၃-၅၄ လမ်းကြား)၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးအနီး၊ ဗိုလ်တထောင်
ဖုန်း - ၀၉၄၂၀၁၈၃၁၅၅၊ ၃၇၇၉၈၈၊ ၀၉၄၂၀၀၃၀၇၃၀၊ ၅၀၇၀၄၈၊ ၀၉၄၂၀၂၅၄၈၇၂

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဒုတိယဗိုလ်မှူးကြီးအေးမင်း(ငြိမ်း)(ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန)-ဒေါ်တင်မေဇင်တို့၏သားငယ်
ကိုတင်မင်းကို(Service Engineer, Myanmar Information Technology)၏ညီ

ဗိုလ်ကြီးဟန်မင်းကို

B.E(Electronic), (DSTA)

နှင့်

ရန်ကုန်မြို့နှင့်မော်ဘီမြို့နေ
ဒုတိယဗိုလ်မှူးကြီးသန့်စင်(ငြိမ်း)(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)-ဒေါ်အေးအေးမော်တို့၏ သမီးလတ်၊
ဗိုလ်နွေးနွေးသန့်စင်(တဆရ-၂)(ခုတင်-၅၀၀)၏ ညီမ၊
မဖွေးဖွေးသန့်စင်၊ မောင်ထက်မြက်သန့်စင်တို့၏ အစ်မ

မအေးအေးသန့်စင် **B.Sc (Physics)**

Dip in Gem Identification (Y.U)

တို့၏ ၈-၄-၂၀၁၃ ရက်တွင် မင်းကွန်းတိပိဋကကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့သော မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော တရားသူကြီးဦးရဲဝင်းရှိန်၊ မင်္ဂလာဦးဆွမ်းကျွေးအလှူတွင် ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ၁၂-၄-၂၀၁၃ ရက်(သောကြာနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန့်ဆွေ(ငြိမ်း)နှင့် ဇနီးဒေါ်ခင်ခင်လှ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင်ဗိုလ်မှူးချုပ်ကျော်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်မာလာဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဒုတိယကျောင်းအုပ်ကြီး(ဗိုလ်မှူးချုပ်)ဗိုလ်မှူးကြီးစန်းဝင်း(ကာတွန်းဆရာမိတီ)အားလည်းကောင်း၊ OTS အမှတ်စဉ်(၅၈)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများအားလည်းကောင်း၊ မင်္ဂလာအခန်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး ရုပ်ရှင်သရုပ်ဆောင် အဆိုတော်မေဆွိ၊ မေတ္တာဖြင့် တေးသီချင်းများ သီဆိုဖျော်ဖြေပေးပါသော သရုပ်ဆောင်စည်ဖြိုး၊ မင်္ဂလာပန်းကြဲ မယာရီမြတ်နိုးသူ၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မငြိမ်းအေးစံနှင့် မသွန်းဆက်ရတနာ၊ မင်္ဂလာသတို့သားအရံ ဗိုလ်ဖြိုးမင်းမင်းဦးနှင့် ဗိုလ်ကြီးထွန်းဝင်းလှိုင်၊ မင်္ဂလာသတို့သမီးအရံ မမီမီဆွေနှင့် မခိုင်မြတ်သူ၊ မိတ်ကပ်ဆံပင် အလှဖန်တီးရှင်လင်းလင်း(Make-up-Artist)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော မိုးကိုဦးနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော မအိဖြူဝင်း(စကြာရွှေရည် Diamond and Jewellery)၊ မင်္ဂလာဝတ်စုံများ ချုပ်လုပ်ပေးပါသော မအေးအေးယု၊ မစန်းစန်းယု(A&S, ဗိုလ်ချုပ်ဈေး)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်အားလည်းကောင်း၊ Yuzana Garden hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်းလှိုင်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဟန်မင်းကို-မအေးအေးသန့်စင်

မွေးနေ့မင်္ဂလာဆုတောင်း

လေးဆယ့်စွန်းစ၊ ဘဝဦးမှ
သက်တော်ရာကျော်၊ ရှည်ပါစေသော်
ဘယာအပေါင်း၊ ဝေးကွာညောင်း၍
ချစ်သော'သခင်'၊ အကြင်'ဘုရား'
မဆုံးပွားနိုင်၊ မိတ်ကောင်းတရား
လက်ကိုင်ထားလျက်၊ တောက်ပရွှန်းလက်
မြင့်ဂုဏ်တက်၍၊ ဆပွားသရေ
'မိုး'ဝင့်ဖြာဝေ၊ တိုးတင့်ပါစေ
'သီတာ'အလား၊ လမ်းပြကြယ်စင်
'အမေ့အိမ်ရဲ့ ပွဲကိုင်ရှင်'

မမမျိုး၊ မမမာလာ၊မန္တယ်၊
ကျော်၊ ကျို၊ FM၊ ဖြိုး၊
ဝတ်ရည်၊ ကေ၊ ဇင်၊ လွင်၊ မွန်

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁ တိုးချဲ့၊ မြေကွက်အမှတ် ၂၉၅၊ မြေကွက်တည်နေရာ အမှတ် ၂၉၅၊ မြို့သစ် ၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ထွေးတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၃၃၉၂/၂၀၀၆ (၂၀-၉-၂၀၀၆) ဖြင့် ဦးအောင်သန်းက ပိုင်ဆိုင်လာပါသည်။ ဦးအောင်သန်းသည် ၃၀-၆-၂၀၁၀ ရက်တွင် ကွယ်လွန်သဖြင့် ဇနီး ဒေါ်ခင်ရွှေ ၁၄/မမန(နိုင်)၀၂၁၄၁၀ က တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အရောင်းအဝယ်စာချုပ်မိတ္တူတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရောင်းမည်

Isuzu Forward Truck 8 Ton, ရှစ်ပေါက်၊ ခြောက်ဘီး၊ ပေ ၃၀၊ ကျပ်သိန်း ၂၆၀၊

ဖုန်း-၀၉-၅၁၂၄၇၆၅

သွေးသည် အသက်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ လူနေရပ်ကွက်အမှတ် ၄၅၊ ဓမ္မစေတီလမ်း၊ မြေကွက်အမှတ် ၈၀၇၊ ပေ၄၀×ပေ၆၀ မြေကွက်အား အမည်ပေါက် ဦးရှိန်ထွန်းအောင် ၁၂/ဗဟန(နိုင်)၀၃၇၄၅၇ ကွယ်လွန်ပြီးဖြစ်၍ ၎င်းမြေကွက်အား ရောင်းချခွင့်ရှိသူ တရားဝင်ဇနီး ဒေါ်ရီဝင်း ၁၂/ဗဟန(နိုင်)၀၃၆၂၂၂ထံမှ ပေ၂၀×ပေ၆၀ မြေအား ခွဲစိတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်က ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးအောင်နိုင်လွင် ၈/ပခက(နိုင်)၀၄၀၆၈၆**
အမှတ် ၁၁၁၃၊ ပြည်ထောင်စုလမ်းမ၊
(၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)

အေးရတနာမိုး CAR RENTAL

မြို့တွင်း၊ မြို့ပြင်၊ နှစ်ချုပ်၊ လချုပ်၊ ရက်ပိုင်း ငှားရန် Probox, AD Van များ
ကိုဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျငှားရမ်းပေးနေပါသည်။
အမှတ်-၁၂၇၊ ၂၁လမ်း၊ လသာမြို့နယ်။ဖုန်း-၀၉၇၃၀၃၈၁၂၀။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်ကွက်၊ မ/၂၆၆နေ ဦးမောင်မောင်-ဒေါ်တင်ဆန်း(ပန်းကန်ဆိုင်)တို့၏သား၊ မောင်ဟိန်းဝင်းဇော် ၉/ရမသ(နိုင်)၁၃၆၀၇၁ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်အလွဲသုံးစားမှုများပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

ဦးမောင်မောင်-ဒေါ်တင်ဆန်း

ကြော်ငြာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ မန္တလေးဘူတာကြီး နှင့် ပုဂံဘူတာတွင် သန့်ရှင်းရေး လုပ်ငန်းများကို လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါ သဖြင့် အိတ်ဖွင့် တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် –၁၄.၅.၂၀၁၃(အင်္ဂါနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၃.၄.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊တောက်ပံ့ဌာန မြန်မာ့မီးရထား၊ကုန်သည်လမ်း
